မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်းက တည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ နယုန်လဆန်း ၃ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇွန် ၄ ရက်၊ စနေနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၄၂)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ရသင့်ရထိုက်သူများ ရကြစေရန် သေချာစွာ ရွေးချယ်

အရေအတွက်ဖောင်းပွခြင်း၊ ဘွဲ့တံဆိပ်များ၏ မူလတန်ဖိုး ကျဆင်းစေခြင်းများ မဖြစ်ပေါ်စေရန် ကြပ်မတ်

ဘွဲ့တံဆိပ်များချီးမြှင့်အပ်နှင်းရန် သတ်မှတ်လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်

နေပြည်တော် ဇွန် ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့ အစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။

အားကြိုးမာန်တက်

ရှေးဦးစွာ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့နာယက ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းက အဖွင့်အမှာစကားပြောကြားရာ၌ နိုင်ငံတစ်နိုင်ငံကို တည်ဆောက်ကြရာတွင် နိုင်ငံကို ကမ္ဘာနှင့်ရင်ပေါင်တန်း တိုးတက်ဖွံ့ဖြိုးစေရန် နိုင်ငံသူနိုင်ငံသားအားလုံးက ကျရာအခန်းကဏ္ဍမှနေ၍ အားကြိုးမာန်တက် ဆောင်ရွက်မှသာလျှင် ဖြစ်နိုင်ကြောင်း။

ဆွဲဆောင်အား

ဤကဲ့သို့ အားကြိုးမာန်တက် နေ့မအား ညမနား ဆောင်ရွက်လိုသည့်ဆန္ဒ ပိုမိုခိုင်မာလာအောင် ဆွဲဆောင်အားနှင့် တွန်းပို့အားလည်း လိုအပ်ကြောင်း၊ မိမိ၏ ရည်မှန်းချက်ပန်းတိုင်ကို မရောက်ရောက်အောင် တွေ့ကြုံရင်ဆိုင်ရမည့် အခက်အခဲ မှန်သမျှကို မလျှော့သောဇွဲ၊ သတ္တိ၊ လုံ့လ ဝီရိယတို့ဖြင့် ကျော်လွှားကြခြင်းသည် ဆွဲဆောင်အားကြောင့်ပင်ဖြစ်ကြောင်း၊ ထိုသို့ သက်စွန့်ကြိုးပမ်းကြသည့် ပုဂ္ဂိုလ်များ၏ ဇွဲ၊ သတ္တိ၊ လုံ့လဝီရိယများ လျော့ကျမသွားစေရန် နောက်မှတွန်းပို့ပေးမည့် တွန်းအားလည်း လိုအပ်ကြောင်း။

နိုင်ငံတော်က ချီးမြှင့်သည့် ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်များသည် ထိရောက်သော တွန်းပို့အားတစ်ရပ်ဖြစ်ကြောင်း။

စနစ်တကျရွေးချယ်

ယင်းသို့ ဘွဲ့တံဆိပ်များချီးမြှင့်ရာတွင် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်များ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များနှင့်အညီ ထူးခြားစွာ အားထုတ်ကြိုးပမ်း ဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊ သိပ္ပံပညာ၊ ဝိဇ္ဇာပညာနှင့် အခြားသော ပညာရပ်တစ်ခုခုတွင် အောင်မြင်စွာတီထွင် ဖန်တီးစွမ်းဆောင်နိုင်သော ပုဂ္ဂိုလ်များ၊ စာပေ၊ ယဉ်ကျေးမှုအနုသုခုမ ပညာရပ်များတွင် နက်နက်နဲနဲ နှံ့စပ်ကျွမ်းကျင်သော ပုဂ္ဂိုလ်များ၊ စာပေအရာတွင် ကျမ်းကြီးကျမ်းငယ်အသွယ်သွယ် ပြုစုရေးသားနိုင်သော ပုဂ္ဂိုလ်များ၊ နိုင်ငံတော်ငြိမ်းချမ်းရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များတွင် ထူးခြားပြောင်မြောက်စွာ ဆောင်ရွက်ခဲ့ကြသော ပြည်တွင်းပြည်ပပုဂ္ဂိုလ်များ၊ နိုင်ငံတော်ကာကွယ်ရေးတွင် အသက်ကို ပဓာနမထားဘဲ စွန့်စားကြိုးပမ်းဆောင်ရွက်ခဲ့ကြသော စစ်သည်တော်များနှင့် လုံခြုံရေးဆိုင်ရာတာဝန်များကို ထူးချွန်စွာ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော *စာမျက်နှာ ၃ ကော်လံ ၁ ◯*

အမှာစကားပြောကြား

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့ အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဇွန် ၄ ရက်)

စွမ်းဆောင်ရည်မြင့်မားသောပုဂ္ဂိုလ်များဖြစ်ရေး အလေးထားကြိုးစား

ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့ အစည်းအဝေးကို ဇွန် ၃ ရက်က နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အမှာစကားပြောကြားခဲ့သည်။

နိုင်ငံတော်မှ ချီးမြှင့်သော ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ် ရရှိရေးအတွက် ငွေကြေးတံစိုးလက်ဆောင်များ ပေးကမ်းမှုအပါအဝင် မမှန်ကန်သော နည်းလမ်းများဖြင့် ဆောင်ရွက်မှုများ မဖြစ်ပေါ်စေရေးအတွက် တိကျမှန်ကန်စွာ ဆောင်ရွက်ရန်လိုအပ်ကြောင်းကို နိုင်ငံတော်ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်မှ ချီးမြှင့်သော ဘွဲ့တံဆိပ်များကို သားစဉ်မြေးဆက် ဂုဏ်ယူမြတ်နိုး တန်ဖိုးထားတတ်သော ပုဂ္ဂိုလ်မျိုးကို ချီးမြှင့်ပေးအပ်နိုင်စေရေး၊ သက်ဆိုင်ရာကဏ္ဍများအလိုက် စွမ်းဆောင်ရည်မြင့်မားသော ပုဂ္ဂိုလ်များရရှိစေရေးအတွက် စိစိစစ်စစ်ဆောင်ရွက်ကြရန်ကိုလည်း ဒုတိယသမ္မတက ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတစ်နိုင်ငံကို တည်ဆောက်ကြရာတွင် နိုင်ငံကို ကမ္ဘာနှင့်ရင်ပေါင်တန်း တိုးတက်ဖွံ့ဖြိုးစေရန် နိုင်ငံသူ နိုင်ငံသားအားလုံးက ကျရာအခန်းကဏ္ဍမှနေ၍ အားကြိုးမာန်တက် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ယင်းသို့ ဆောင်ရွက်ရာ၌ နေ့မအားညမနားဆောင်ရွက်လိုသည့်ဆန္ဒပိုမိုခိုင်မာလာရန် ဆွဲဆောင်အားနှင့် တွန်းပို့အား လိုအပ်ပေသည်။ ရည်မှန်းချက်ပန်းတိုင် ရောက်ရှိရန် အခက်အခဲများကို မလျှော့သောဇွဲ၊ သတ္တိ၊ လုံ့လဝီရိယတို့ဖြင့် ကျော်လွှားကြခြင်းသည် ဆွဲဆောင်အားကြောင့် ဖြစ်သည်။ ဆွဲဆောင်အားနှင့် တွန်းပို့အားများတွင် နိုင်ငံတော်မှချီးမြှင့်သည့် ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်များသည်လည်း အပါအဝင်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် ဘွဲ့တံဆိပ်များ ချီးမြှင့်ရာတွင် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးအတွက် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်များ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များနှင့်အညီ ထူးခြားစွာ အားထုတ်ကြိုးပမ်းဆောင်ရွက်သည့် ပုဂ္ဂိုလ်များ စသည်ဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် စွမ်းဆောင်ရည်မြင့်မားသော ပုဂ္ဂိုလ်များကို စိစစ်၍ ဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းမည်ဖြစ်ရာ ထိုသို့စွမ်းဆောင်နိုင်သူများဖြစ်ရေး အလေးထား ကြိုးစားသွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပဲခူးခရိုင်နှင့် တောင်ငူခရိုင်ရှိ ပင်မဓာတ်အားခွဲရုံများ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၃

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် မေ ၃၀ ရက် ညနေ ၃ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် (၂၃၀)ကေဗွီ ကမာနတ်ပင်မဓာတ်အားခွဲရုံ Control Room အတွင်း ဓာတ်အားလက်ခံရရှိမှု၊ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးမှု၊ ဓာတ်အားထိန်းချုပ်ကွပ်ကဲမှုနှင့် Fault Record Panel တပ်ဆင်ထားရှိမှု၊ Switch Yard အတွင်း ဓာတ်အားလက်ခံရရှိမှုနှင့် ဓာတ်အားပို့လွှတ်မှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ညနေ ၅ နာရီတွင် တောင်ငူခရိုင် ကျောက်တံခါးမြို့နယ် (၂၃၀)ကေဗွီ သာယာကုန်းပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး Switch Yard အတွင်း ဓာတ်အားလက်ခံရရှိမှု၊ ဓာတ်အားဖြန့်ဖြူးမှုအခြေအနေနှင့် ဓာတ်အားခွဲရုံအတွင်း ၂၃၀ ကေဗွီ၊ (20) Megga Var Shunt Reactor တပ်ဆင်ဆောင်ရွက်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပုသိမ်မြို့တွင် ရေစီးရေလာကောင်းမွန်ရေးအတွက် တဲကြီးကုန်းလမ်း ဝဲ/ယာ တစ်လျှောက် ရေမြောင်း တူးဖော်ဆယ်ယူခြင်းလုပ်ငန်းကို မေ ၃၀ ရက်က ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေထက်ရှိန် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

ပေါက်ခေါင်းမြို့နယ် စမ်းကုန်းကျေးရွာ၌ အခြေခံပညာ မူလတန်းကျောင်း(ခွဲ) ဖွင့်လှစ်

ပေါက်ခေါင်း ဇွန် ၃

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် အရှေ့ကြို့ကုန်းအုပ်စု စမ်းကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း (ခွဲ)ဖွင့်ပွဲအခမ်းအနားကို မေ ၂၇ ရက် နံနက် ၉ နာရီခွဲက ကျင်းပရာ ပေါက်ခေါင်းမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးဟန်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဦးမောင်မောင်သွင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ပေါက်ခေါင်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအေးဟန်နှင့် လက်ထောက်မြို့နယ်ပညာရေးမှူး ဦးမြစိုးတို့က အမှာစကားပြောကြားကြပြီး ကျောင်းနယ်မြေအုပ်စုမှူး ဦးကျော်မိုးက ကျောင်းခွဲဖြစ်မြောက်ရေး ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းပြောကြားကာ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

သက်တမ်းလွန် အစားအစာများ ရောင်းချခြင်း ရှိမရှိ ကွင်းဆင်းစစ်ဆေး

သရက် ဇွန် ၃

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် မြို့မဈေးတွင် မေ ၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြလင်းတို့ပူးပေါင်း၍ ဈေးအတွင်း သက်တမ်းလွန်အစားအစာများ ရောင်းချခြင်း ရှိ မရှိ ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဝက်နားရွက်ပြာရောဂါအကြောင်း တိုက်ကြီး၌ ပညာပေးဟောပြော

တိုက်ကြီး ဇွန် ၃

ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာ/အခွန်၊ သစ်တောနှင့် သားငါးဝန်ကြီးဌာနဝန်ကြီး ဦးသန်းမြင့်သည် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာစိုးဝင်းနှင့်အတူ မေ ၂၆ ရက် မွန်းလွဲ ၂ နာရီက တိုက်ကြီးမြို့နယ် တာခွကျေးရွာအုပ်စု၊ လသာကုန်းကျေးရွာ ဦးဝင်းနိုင်၏ ဝက်မွေးမြူရေးခြံ၌ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနဝန်ထမ်းများ၊ ဝက်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၀ တို့နှင့် တွေ့ဆုံပြီး တိရစ္ဆာန်မွေးမြူရေးဆိုင်ရာကိစ္စများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဦးစီးမှူးက ဝက်နားရွက်ပြာရောဂါနှင့်ဝက်ကူးစက်ရောဂါများအကြောင်း ပညာပေးဟောပြောသည်။ **(အောက်ပုံ)**

ဆက်လက်၍ ဝန်ကြီးသည် ဝက်ခြံအတွင်း ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(မွေးမြူရေးနှင့်ကုသရေး)**

အရေးကြီးယာဉ်၊ မီးသတ်ယာဉ်၊ သူနာပြုယာဉ်များ အချက်ပေးသံဖြင့်လာလျှင် ဦးစားပေးပါ

ရှင်းလင်းပြောကြား

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကို ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင် တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားစဉ်။
(သတင်းစဉ်)

○ *ရှေ့ဖုံးမှ*

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား စနစ်တကျရွေးချယ်စိစစ်၍ ဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းရမည် ဖြစ်ကြောင်း။

ထို့အတူ ဗုဒ္ဓဘာသာ သာသနာတော် ထွန်းကားပြန့်ပွားရေးအတွက် အပတ်တကုတ်အားထုတ် ဆောင်ရွက်တော်မူနေကြသော ပြည်တွင်း ပြည်ပ သံဃာတော်အရှင်သူမြတ်များ၊ သီလရှင်များ၊ လူပုဂ္ဂိုလ်များအား သာသနာရေးဆိုင်ရာ ဘွဲ့တံဆိပ်များ ဆက်ကပ်လှူဒါန်းသွားကြရမည်ဖြစ်ကြောင်း။

ကြပ်မတ်ဆောင်ရွက်

ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင် တံဆိပ်များကို အမှန်တကယ်ပေးအပ်သင့်ပေးအပ်ထိုက်သူများ၊ ရသင့်ရထိုက်သူများ ရကြစေရန် သေချာစွာ ရွေးချယ်စိစစ်ပေးအပ်ခြင်းဖြင့် အရေအတွက်ဖောင်းပွခြင်း၊ ဘွဲ့တံဆိပ်များ၏ မူလတန်ဖိုး ကျဆင်းစေခြင်းများ မဖြစ်ပေါ်စေရန် ကြပ်မတ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင် တံဆိပ်ရရှိရေးအတွက် ငွေကြေးတံစိုးလက်ဆောင်များ ပေးကမ်းမှုအပါအဝင် မမှန်ကန်သော နည်းလမ်းများဖြင့် ဆောင်ရွက်မှုများ မဖြစ်ပေါ်စေရေးအတွက် တိကျမှန်ကန်စွာ ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ နိုင်ငံတော်က ချီးမြှင့်သောဘွဲ့တံဆိပ်များကို သားစဉ်မြေးဆက် ဂုဏ်ယူမြတ်နိုးတန်ဖိုးထားတတ်သောပုဂ္ဂိုလ်မျိုးအား ချီးမြှင့်ပေးအပ်နိုင်စေရေး၊ သက်ဆိုင်ရာကဏ္ဍများအလိုက် စွမ်းဆောင်ရည်မြင့်မားသော ပုဂ္ဂိုလ်များ ရရှိစေရေးတို့အတွက် စိစိစစ်စစ် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

ဆွေးနွေးအကြံပြု

ချီးမြှင့်သည့် ဘွဲ့တံဆိပ်များ အတွက် တစ်လုံးတစ်ခဲတည်း ချီးမြှင့်ငွေနှင့် လစဉ်ချီးမြှင့်ငွေများသည်လည်း ခေတ်စနစ်နှင့် လျော်ညီအပ်စပ်သော ပမာဏဖြစ်စေရန် ချိန်ဆသွားရန် လိုအပ်ကြောင်း၊ နိုင်ငံတော်အဆင့် ချီးမြှင့်သော ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်များ ဖြစ်သည်နှင့်အညီ အရည်အသွေးတန်ဖိုးမြင့်မားသော ဂုဏ်ယူဖွယ်ရာစံနှုန်းများနှင့် ပြည့်ဝသော ဘွဲ့၊ တံဆိပ်များဖြစ်စေရေးအတွက် အားလုံးဝိုင်းဝန်းဆွေးနွေး အကြံပြုသွားကြရန်ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယရှေ့နေချုပ်၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်၊ တွဲဖက်စစ်ရေးချုပ်နှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဆွေးနွေးတင်ပြကြသည်။

စည်းမျဉ်းစည်းကမ်း

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ယခုဆွေးနွေးတင်ပြချက်များအတိုင်း ဘွဲ့၊ တံဆိပ်များချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့ဝင်များအနေဖြင့် သတ်မှတ်လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း။

နိုင်ငံတော်က ချီးမြှင့်မည့် တစ်လုံးတစ်ခဲတည်းချီးမြှင့်ငွေနှင့် လစဉ်ချီးမြှင့်ငွေများသည် ဘွဲ့တံဆိပ်များ၏ ဂုဏ်သိက္ခာနှင့်ထိုက်တန်ပြီး သင့်လျော်ကိုက်ညီသည့် ပမာဏဖြစ်စေရန် လိုအပ်သကဲ့သို့ နိုင်ငံတော်အတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် စိစစ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့် နိဂုံးချုပ်ပြောကြားသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ၌ ကျောက်မီးသွေးသယံဇာတဖြစ်ထွန်းမှု ၄၉၅ နေရာရှိနေ တိုးချဲ့ရှာဖွေခြင်းဖြင့် ထပ်မံတွေ့ရှိရန် အလားအလာကောင်းများရှိ

နေပြည်တော် ဇွန် ၃

မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ ဓာတ်မြေဩဇာစက်ရုံများ၊ ဘိလပ်မြေစက်ရုံများနှင့် အခြားစက်မှုလုပ်ငန်းများအတွက် အထူးလိုအပ်သော လောင်စာစွမ်းအင် ကျောက်မီးသွေးသယံဇာတကို သတ္တုတွင်းဝန်ကြီးဌာနမှ တိုးချဲ့ရှာဖွေခဲ့ရာ ဖြစ်ထွန်းမှု ၄၉၅ နေရာ တွေ့ရှိတိုင်းတာတွက်ချက်နိုင်ခဲ့ကြောင်းဖြင့် သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်က ယမန်နေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန သီရိရတနာခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ စွမ်းအင်ကဏ္ဍ ဖြစ်စဉ်တိုးတက်မှုများနှင့် ကျောက်မီးသွေး ထုတ်လုပ်သူ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနား၌ အဖွင့်အမှာစကား ပြောကြားသည်။

ကြိုးစားဆောင်ရွက်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၌ ယနေ့အထိ တွေ့ရှိရသော ကျောက်မီးသွေးသိုက်များ၏ အရွယ်အစားမှာ နိုင်ငံတကာအဆင့်နှင့် နှိုင်းယှဉ်ပါက သေးငယ်သော်လည်း တိုးချဲ့ရှာဖွေခြင်းဖြင့် ကျောက်မီးသွေးဖြစ်ထွန်းမှုများ ထပ်မံတွေ့ရှိရန် အလားအလာကောင်းများ ရှိကြောင်း၊ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ကျောက်မီးသွေးထုတ်လုပ်မှု ပမာဏမှာ စုစုပေါင်းတန်ချိန် ၅ ဒသမ ၃၂ သိန်းခန့် ရှိခြင်းကြောင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် တိုးမြှင့်ထုတ်လုပ်သွားရမည် ဖြစ်ကြောင်း၊ ကျောက်မီးသွေးသုံးစွဲမှုမှ ဖြစ်ပေါ်လာမည့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက်လည်း Clean Coal Technology ထွန်းကားရေးကို ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆွေးနွေး

ဆက်လက်၍ အမှတ်(၃) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တက်ရောက်လာကြသော လုပ်ငန်းရှင်၊ ပညာရှင်များက ကျောက်မီးသွေးကြောင့် ဖြစ်ပေါ်လာမည့် ပတ်ဝန်းကျင် ညစ်ညမ်းမှုဆိုင်ရာကိစ္စများ စိစစ်ရေး (Environmental Impact Assessment of Coal Project)နှင့် ကျောက်မီးသွေးတိုးတက်ထုတ်လုပ်နိုင်ရေးတို့ကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သတ္တုတွင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် မြန်မာနိုင်ငံ စွမ်းအင်ကဏ္ဍဖြစ်စဉ် တိုးတက်မှုများနှင့် ကျောက်မီးသွေးထုတ်လုပ်သူ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၄-၆-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅	၂။ အဂ္ဂဇယမင်္ဂလာ (ယဉ်ဝေယံထွန်း၊တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇:၂၅	၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀	၄။ နံနက်ခင်းသတင်း
၇:၄၀	၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀	၆။ **သက်ရှည်ကျန်းမာလေ့ကျင့်ပါ**
၈:၀၀	၇။ ကဗျာပန်းဥယျာဉ်
၈:၁၀	၈။ တေးဂီတအစီအစဉ်
၈:၂၀	၉။ အကပြိုင်ပွဲ
၈:၂၅	၁၀။ **နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ**
၈:၄၀	၁၁။ **International News**
၈:၄၅	၁၂။ Local Talent

နေ့လယ်ပိုင်း

၁၁:၀၀	၁။ စစ်သည်တေး
၁၁:၀၅	၂။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁:၃၀	၃။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၃:၂၀	၄။ **Yan Can Cook**
၁၃:၄၀	၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြိုးတစ်မျှင်** (အပိုင်း-၄၇)
၁၄:၃၀	၆။ **အရက်နှင့်ကျန်းမာရေး** (အပိုင်း-၂)
၁၄:၅၀	၇။ **International News**

ညပိုင်း

၃:၁၅	၁။ **Myanmar National League MNL Grand Royal Cup 2011 ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ကမ္ဘောဇအသင်းနှင့် ရောဝတီယူနိုက်တက်အသင်း)**
၅:၁၅	၂။ တေးဂီတအစီအစဉ်
၅:၃၀	၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (မြန်မာစာ၊ မြန်မာမှုပညာ၊ ရသစာပေအထူးပြုများ) (အရှေ့တိုင်းပညာ)
၅:၅၀	၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၆:၀၀	၅။ ညနေခင်းသတင်း
၆:၁၅	၆။ မိုးလေဝသအခြေအနေ
၆:၂၀	၇။ **အလှရှာမယ် လှကမ္ဘာဝယ်**
၆:၃၅	၈။ ယဉ်တစ်ကိုယ်မယ် **(ဆွိဝတ်ရည်သောင်း)**
၇:၀၀	၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်နဲ့အမုန်း** (အပိုင်း-၁၅)
၈:၀၀	၁၀။ ပြည်တွင်းသတင်း
	၁၁။ နိုင်ငံတကာသတင်းများ
	၁၂။ မိုးလေဝသအခြေအနေ
	၁၃။ ကာတွန်းအစီအစဉ် **တောကောင်ငယ်သိုင်းညီနောင်လေးများ** (ဒုတိယတွဲ) (အပိုင်း-၁၉)
	၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရှုပ်ထွေးဆန်းကြယ်** (အပိုင်း-၁၀)
	၁၅။ **ဂီတတံခါးလေးဖွင့်ပါဦး**

စက်ရုံဝန်ထမ်းများ စီမံခန့်ခွဲမှု သင်တန်းဖွင့်မည်

ရန်ကုန် ဇွန် ၃

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း အသင်းဝင် ကုမ္ပဏီများ၏ သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုစေရန်၊ စက်ရုံအသီးသီးရှိ စက်ရုံဝန်ထမ်းများ၊ အုပ်ချုပ်သူအဆင့်ပုဂ္ဂိုလ်များ လုပ်ငန်းခွင်၌ အတတ်ပညာ ဗဟုသုတကြွယ်ဝစေပြီး လုပ်ငန်းများ လက်တွေ့ဆောင်ရွက်ရာတွင် အထောက်အကူပြုစေရန်နှင့် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရန် ရည်ရွယ်လျက် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း သင်တန်းကျောင်း လုပ်ငန်းကော်မတီမှ Factory Management သင်တန်းကို ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၆) ရပ်ကွက်၊ ပင်လုံလမ်း၊ အမှတ် ၆၇၄ ရှိ သစ်အခြေခံစက်မှုနည်းပညာ သင်တန်းဌာနတွင် ဇွန် ၂၀ ရက်မှ ဇူလိုင် ၁ ရက်အထိ သင်တန်းကြေး အခမဲ့ဖြင့် ဖွင့်လှစ်သွားမည်ဖြစ်ရာ အဆိုပါသင်တန်းသို့ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း အသင်းဝင်ကုမ္ပဏီ၊ စက်ရုံအလုပ်ရုံအသီးသီးမှ သင်တန်းသားဦးရေ ၅၀သာ လက်ခံမည်ဖြစ်ပြီး သင်တန်းတက်ရောက်လိုသူများအနေဖြင့် ဇွန် ၁၃ ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းရုံးနှင့် သစ်အခြေခံ စက်မှုနည်းပညာသင်တန်းဌာနတို့တွင် လျှောက်ထားနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း ၀၁-၂၁၄၈၃၈၊ ၂၁၄၈၃၉၊ ၂၁၄၈၄၀ နှင့် ၅၈၁၃၇၀ တို့ထံသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။

(သစ်လုပ်ငန်းရှင်များအသင်း)

ယာဉ်မောင်းသူများလိုက်နာရန် သတိပေးနှိုးဆော်ချက်

(က) မိုးရွာစဉ် ယာဉ်မောင်းလျှင် အောက်ပါအချက်အလက်များသတိပြုပါ-

(၁) လမ်းပေါ်တွင် စက်ဆီ၊ ချောဆီများ ဖိတ်စင်နေလျှင် လမ်းချော်နိုင်သည်။
(၂) မော်တော်ယာဉ်ဘီးများ ပန်းမရှိလျှင် လမ်းချော်နိုင်သည်။
(၃) မော်တော်ယာဉ်များ လေပေါင်ချိန်များလွန်းလျှင် လမ်းချော်နိုင်သည်။
(၄) လမ်းပေါ်တွင် ရွှံ့နွံများရှိလျှင် လမ်းချော်နိုင်သည်။
(၅) အရှိန်ပြင်းစွာ မမောင်းပါနှင့်။
(၆) ဘရိတ်ကို ရုတ်တရက် မနင်းပါနှင့်။
(၇) ကုန်တင်ယာဉ်များ ဟန်ချက်ညီမျှရန် ဂရုပြုပါ။
(၈) ရေသုတ်တံပါရှိရမည်။ ကောင်းမွန်ရမည်။
(၉) မိုးသည်းထန်စွာရွာသွန်း၍ မြင်ကွင်းမကောင်းလျှင် ရှေ့မီးကြီးကို ဖွင့်မောင်းပါ။
(၁၀) မြေသယ်ယာဉ်၊ အုတ်၊ သဲ၊ ကျောက်သယ်ယာဉ်များ ဖိတ်စင်မှုမရှိစေရန် လုံခြုံစွာ တင်ဆောင်ပါ။

(ခ) အထက်ပါစည်းကမ်းချက်များအား မလိုက်နာ၍ ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှုများဖြစ်ပွားပါက ထိရောက်စွာ အရေးယူခြင်းခံရမည်။

ရန်ကုန်တိုင်းဒေသကြီး
ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

မြန်မာ့စားသောက်ကုန် ကုန်စည်ပြပွဲ မှန်ချီတိုင်းရင်းဆေးဝါးများ ပါဝင်ပြသ

ရန်ကုန် ဇွန် ၃

မြန်မာနိုင်ငံ စိုက်ပျိုးရေးအခြေခံစားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းက ကြီးမှူး၍ ဒုတိယအကြိမ် မြန်မာ့စားသောက်ကုန် ကုန်စည်ပြပွဲကို ဇွန် ၃ ရက်မှ ၅ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ခင်းကျင်းပြသလျက်ရှိရာ မှန်ချီတိုင်းရင်းဆေးဝါးများလည်း ပါဝင်ပြသလျက်ရှိသည်။ **(အောက်ပုံ)**

ရောင်းချပေး

အဆိုပါပြခန်းတွင် မှန်ချီသလိပ်ပျော်အသံကောင်းဆေး၊ ဒဏ်ကျေအကြောပြေလိမ်းဆေး၊ ဆီးပူဝမ်းပုပ်ကျ မှန်ချီဆီးရှင်ဝမ်းမှန်ဆေး၊ မှန်ချီမြစ်ပွားနာပျောက်သောက်ဆေး၊ မှန်ချီသောက်လိမ်းရှူ စွယ်စုံရ ဆေးဝိဇ္ဇာငန်းမန်းကျဆေးကြီး၊ အနာကျက်သောက်ဆေး၊ အစာအိမ်ဆေး၊ အပူကျအခိုးပွင့်ငန်းဆေး၊ အပြေပြေအားတိုးဆေး၊ အပူငြိမ်းအေးသွေးဆေး၊ ဆီးချို သွေးချိုကျအထူးဆေး၊ အသားချောလှဝမ်းပျော့ဆေး၊ သွေးတိုးကျဆေး၊ ပန်းနာရင်ကျပ်ပျောက်ဆေးပြား၊ မီးယပ်သွေးပေါ်ဆေး၊ လေနိုင်လျက်ဆား၊ ပတ္တမြားရတနာ အမောပြေအားတိုးဆေး၊ လိပ်ခေါင်းပျောက်ဆေး၊ အကျိတ်ကြေအုံလိမ်းဆေး၊ လေးဖက်နာသောက်ဆေးပြား၊ နှလုံးအားတိုးဆေး၊ အစာကြေလေသက်ဆေး၊ ရွှေပြည်စံနန်းတွင်းအဖြေကျော်ဆေး၊ အုံ့ဖွယ်ဇက်ကြောတက် ခေါင်းကိုက်ပျောက်ဆေး၊ အုံ့ဖွယ်လင်ဇီး ဒဏ်ကျေလိမ်းဆေးနှင့် ကမ္ဘာ့ဟိန်းတောရှောက်ပေါင်းလေနိုင်ဆေးတို့ကို ပြသရောင်းချပေးလျက်ရှိကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်း ဦးဆောင်သောအဖွဲ့ (၁၀)ကြိမ်မြောက် အာရှ-ပစိဖိတ်လုံခြုံရေးဆိုင်ရာ ထိပ်သီးအစည်းအဝေးတက်ရောက်ရန် စင်ကာပူသမ္မတနိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဇွန် ၃

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်း ဦးဆောင်သော အဖွဲ့သည် စင်ကာပူသမ္မတနိုင်ငံ၌ ကျင်းပမည့် (၁၀) ကြိမ်မြောက် အာရှ-ပစိဖိတ်လုံခြုံရေးဆိုင်ရာ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ယမန်နေ့နံနက် ၈ နာရီတွင် စင်ကာပူသမ္မတနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ဆွစ်ဇာလန်သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၃

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ဗန်ကောက်မြို့ အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး H.E.Mr. Christoph Burgener နှင့် သံမှူး Mr.Thomas Fisler တို့သည် ယမန်နေ့နံနက် ၁၁ နာရီတွင် နေပြည်တော် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ လာရောက်တွေ့ဆုံသည်။ (အပေါ်ပုံ)

ဆွေးနွေး

ထိုသို့ တွေ့ဆုံရာတွင် ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံများ ဆောက်လုပ်ရေး ကိစ္စရပ်များ၊ ဆေးပညာရပ်ဆိုင်ရာ နည်းပညာဖလှယ်ရေး ကိစ္စရပ်များ၊ အထူးသဖြင့် နှလုံးရောဂါခွဲစိတ်ကုသမှု လုပ်ငန်းအတွက် နည်းပညာဖလှယ်ရေးနှင့်ဆေးနှင့်ဆေးပစ္စည်းကိရိယာများ၊ လှူဒါန်းရေး ကိစ္စရပ်များ၊ ကူးစက်ရောဂါနှင့် ကူးစက်တတ်ခြင်း မရှိသော ရောဂါများ၊ ကာကွယ်တားဆီးရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်လျက်ရှိသည့်မြစ်ဝကျွန်းပေါ်ဒေသ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပံ့ပိုးကူညီမှုကိစ္စရပ်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ပါရမီရိပ်သာလမ်းနေ မလိခဦးလှချစ် မိသားစုက တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာ ဆေးကုသဆောင် ဆောက်လုပ်ရန်အတွက် ငွေကျပ်ငါးသိန်း လှူဒါန်းရာ အဆိုပါမိသားစုကိုယ်စား အကျိုးဆောင်အဖွဲ့ဝင် တစ်ဦးက ဘိုးဘွားရိပ်သာဒုတိယဥက္ကဋ္ဌ ဦးကျော်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (၁၀၅)

ဟင်္သာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့ဝင်ဘီးခွန်ကောက် လိုင်စင်ဂိတ်သုံးခုအား အဖွဲ့မှ သတ်မှတ်စည်းကမ်းချက်နှင့်အညီ ကောက်ခံမှု ရှိမရှိကို ဟင်္သာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး(အခွန်)၊ ဒုတိယဦးစီးမှူး(ဈေး)နှင့် ဒုတိယဦးစီးမှူး(သန့်) တို့ စုပေါင်းကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ချောက်မြို့နယ်၌ မီးသတ်ဝတ်စုံများပေးအပ်

ချောက် ဇွန် ၃

ချောက်မြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များသို့ ဝတ်စုံပေးအပ်ပွဲ အခမ်းအနားကို မေ ၂၆ ရက် ည ၇ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းမောင်မောင်က အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်မြို့နယ်မီးသတ်ဦးစီးမှူးတို့က မီးသတ်ဝတ်စုံများပေးအပ်ရာ တပ်စုအလိုက် လက်ခံယူကြသည်။ **(အောက်ပုံ)**

ချောက်မြို့နယ် ရပ်ကွက် (၁၅) ရပ်ကွက်ရှိ တပ်ဖွဲ့ဝင်များအတွက် ဝတ်စုံ ၄၀၂ စုံကို မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ထောက်ပံ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မင်းလှမြို့နယ်တွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

မင်းလှ ဇွန် ၃

မင်းလှမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သစ်တောဦးစီးဌာနမှ ကြီးကြပ်၍ သဲကောကျေးရွာအုပ်စု သဲကောကျေးရွာ မူလတန်းလွန် ကျောင်းပိုင်မြေကွက်လပ် ၁ ဒသမ ၇၅ ဧက၌ မေ ၂၂ ရက် နံနက် ၈ နာရီက မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပသည်။ **(အောက်ပုံ)**

စုပေါင်းစိုက်ပျိုး

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတော်သို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ရီနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျေးရွာနေပြည်သူများ စုပေါင်း၍ ကျွန်းပင် ၁၅၀၀ နှင့် ယူကလစ်ပင် ၅၀၀ တို့ကို စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ်သစ်တောဦးစီးဌာန)**

ပခုက္ကူမြို့ ဆေးရုံကြီးသို့ သွေးရည်ကြည်ခွဲခြားစက်လှူဒါန်း

ပခုက္ကူ ဇွန် ၃

ပခုက္ကူမြို့ အထွေထွေရောဂါကုဆေးရုံကြီးအတွက် သွေးရည်ကြည်ခွဲခြားစက်နှင့် ဆေးပဒေသာပင်ရန်ပုံငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားကို မေ ၂၆ ရက် ညနေ ၃ နာရီက အဆိုပါ ဆေးရုံကြီး အစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက အမှာစကားပြောကြားသည်။ ဆက်လက်၍ ပခုက္ကူမြို့ ဒေသခံပြည်သူများ၏ စုပေါင်းလှူဒါန်းမှုဖြင့် ငွေကျပ် ၁၁၅ သိန်းတန်ဖိုးရှိ သွေးရည်ကြည်ခွဲခြားစက်တစ်လုံးကို ပြည်သူများကိုယ်စား မြို့မိမြို့ဖများက လှူဒါန်းရာ ခရိုင်အုပ်ချုပ်ရေးမှူး လက်ခံယူပြီး **(အောက်ပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် ဆေးပဒေသာပင်အတွက် ဒေသခံပြည်သူများကိုယ်စား မြို့မိမြို့ဖများက အလှူငွေကျပ် ငါးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာသင်းသင်းအေးက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (၁၀၂)

မြဝတီရုပ်မြင်သံကြား

၄-၆-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၄ ၃။ နိုင်ငံတော်သီချင်း
၇း၀၅ ၄။ တရားတော်
၇း၂၀ ၅။ ဓမ္မပူဇာတေး
၇း၂၅ ၆။ မျိုးချစ်တပ်မတော်
၇း၃၀ ၇။ မြန်မာ့ရှုခင်း
၇း၄၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၇း၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ မြဝတီအဖွင့်
၁၁း၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၁၁း၁၀ ၃။ နိုင်ငံတော်သီချင်း
၁၁း၁၅ ၄။ အဖွင့်သီချင်း
၁၁း၂၀ ၅။ မျိုးချစ်တပ်မတော်
၁၁း၂၅ ၆။ ကာတွန်းအစီအစဉ် ဘေ့စ်ဘောကြယ်ပွင့်များ (အပိုင်း-၉)
၁၂း၀၀ ၇။ ရုပ်မြင်သံကြားဇာတ်လမ်း **ဖြူစင်နွေးထွေးသော မေတ္တာအကြောင်း** လူမင်း၊နန္ဒာလှိုင် နှင့် သရုပ်ဆောင်များ (ဒါရိုက်တာ-စိုးကျော်ဆန်း)
၁၃း၃၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၄း၀၀ ၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်မျက်ရည်လေးပြယ်ပါစေ** (အပိုင်း-၇၂)

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၇ ၃။ နိုင်ငံတော်သီချင်း
၄း၁၃ ၄။ အဖွင့်သီချင်း
၄း၁၅ ၅။ မျိုးချစ်တပ်မတော်
၄း၂၀ ၆။ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
၄း၃၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၄း၄၀ ၈။ ချစ်သူစုံတွဲတူယှဉ်နွဲ့
၄း၅၀ ၉။ ကုန်သွယ်သုတ
၅း၁၀ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၅း၃၀ ၁၁။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆း၁၅ ၁၄။ လျှပ်တစ်ပြက်
၆း၂၀ ၁၅။ စားဖိုဆောင်ချစ်သူ
၆း၄၀ ၁၆။ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လမင်းနေမင်းကြယ်တစ်စင်း** (အပိုင်း-၁၅)
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ နိုင်ငံတကာသတင်း
၂၁။ မိုးလေဝသသတင်း
၂၂။ လူရွှင်တော်စတား
၂၃။ လျှပ်တစ်ပြက်
၂၄။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ထာဝရချစ်သူ** (အပိုင်း-၂၀)
၂၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အိမ်အပြန်လမ်း** (အပိုင်း-၅၈)

စုပေါင်းသန့်ရှင်း

မိုးညှင်းခရိုင် ဟိုပင်မြို့နယ် ပြည်သူ့ဆေးရုံ၌ မေ ၁၄ ရက်က ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် လူမှုရေး အသင်းအဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းအား တရုတ်နိုင်ငံမှ ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၃

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Huaneng Group President, Mr.Cao Peixi နှင့် Vice President များဖြစ်ကြသည့် Mr.Ma Jing နှင့် Mr.Sun Zhiyong တို့သည် နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ ယမန်နေ့ နံနက်ပိုင်းက လာရောက်တွေ့ဆုံပြီး ပူးပေါင်းဆောင်ရွက်နေသည့် လျှပ်စစ်စီမံကိန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။
(ဓါတ်ပုံ) (သတင်းစဉ်)

ပြည်ထောင်စုရှေ့နေချုပ် ဥပဒေအရာရှိများအား တွေ့ဆုံမှာကြား

ရန်ကုန် ဇွန် ၃

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်သည် ဇွန် ၂ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး ဥပဒေချုပ်နှင့် တိုင်း/ခရိုင်/မြို့နယ် ဥပဒေရုံးများမှ ဥပဒေအရာရှိများအား တွေ့ဆုံ၍ နိုင်ငံတော်၏ အရေးကြီးသော အခန်းကဏ္ဍတွင် ဥပဒေအရာရှိများ ပါဝင်ထမ်းဆောင်လျက်ရှိကြောင်း၊ မိမိက ဥပဒေကို လေးစားမှသာ ပြည်သူများကလည်း လေးစားမည်ဖြစ်ပြီး ပြည်သူများလေးစားရန် စံနမူနာပြရန်လိုကြောင်း၊ တိုင်းဒေသကြီး ဥပဒေချုပ်ရုံးများကောင်းမှ ပြည်ထောင်စုရှေ့နေချုပ်ရုံးကောင်းမည်ဖြစ်ကြောင်း၊ လာဘ်ပေးလာဘ်ယူမှုများ ဂရုပြု ရှောင်ရှားကြရန်လိုကြောင်းဖြင့် မှာကြားခဲ့သည်။**(ယာပုံ) (သတင်းစဉ်)**

ရှမ်းပြည်နယ်တရားသူကြီးချုပ် ကျိုင်းတုံတွင် အတွေ့အကြုံရှင်းလင်း

ကျိုင်းတုံ ဇွန် ၃

နေပြည်တော်ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၌ ပြုလုပ်ခဲ့သော ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးနှင့် ပြည်ထောင်စုတရားသူကြီးများ၊ ပြည်နယ်၊ တိုင်းဒေသကြီး တရားသူကြီးချုပ်များ၊ တရားရေးဦးစီးမှူးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများနှင့် စပ်လျဉ်း၍ ထပ်ဆင့်ရှင်းလင်းပွဲကို မေ ၃၁ ရက် နံနက်က ကျိုင်းတုံခရိုင် တရားရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးကြွယ်ကြွယ်(**ယာပုံ**)က ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စု တရားစီရင်ရေးဥပဒေဆိုင်ရာ ကိစ္စရပ်များကို ပြန်လည်ရှင်းလင်းပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

တောင်ကြီး ဇွန် ၃

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို မေ ၁၉ ရက် နံနက် ၁၀ နာရီက တောင်ကြီးမြို့ ပညာရေးကောလိပ် ပညာ့ရတနာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပညာရေးကောလိပ် ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းဖြူဖောင်းက အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ ယာဉ်ထိန်းတာဝန်ခံ ဒုတိယရဲမှူး တင့်စိုးရှိန်နှင့် ရဲအုပ်မြင့်အောင်တို့က တစ်နိုင်ငံလုံး သုံးနှစ်အတွင်း ယာဉ်မတော်တဆမှု၊ သုံးနှစ်အတွင်းရှမ်းပြည်နယ်(တောင်ပိုင်း) ယာဉ်မတော်တဆမှု၊ တောင်ကြီးမြို့နယ် ယာဉ်မတော်တဆမှုများကို လည်းကောင်း၊ တစ်နှစ်၊ တစ်လ၊ တစ်ပတ် အတွင်းဖြစ်ပွားရာမှ ဒဏ်ရာရသေဆုံးမှုများကို ကိန်းဂဏန်းများဖြင့် လည်းကောင်း၊ ဆိုင်ကယ်စီးနင်းရာတွင် လိုက်နာရန် စည်းကမ်းချက်များ၊ လမ်းညွှန်အမှတ်အသားများနှင့် ယာဉ်မတော်တဆမှုများကို ရုပ်ပုံများဖြင့် လည်းကောင်း၊ နိုင်ငံတကာတွင် ယာဉ်မတော်တဆမှု ဖြစ်ပွားပုံများကို လည်းကောင်း ပရိုဂျက်တာဖြင့် ပြသရှင်းလင်းဟောပြောခဲ့ကြောင်း သိရှိရသည်။ **(၁၈၉)**

ပန်းအလှပင်များစိုက်ပျိုး

ဖျာပုံခရိုင် အမာမြို့အဝင်လမ်းဘေးဝဲယာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ပန်းအလှပင်များ စိုက်ပျိုးခြင်းကို မေ ၃၀ရက်က မြို့နယ်တာဝန်ခံ ဒုတိယဦးစီးမှူး ဦးကျော်ကျော်နိုင် ကြီးကြပ်ဆောင်ရွက်စဉ်။ (၀၆၆)

မြန်မာ့အလင်း ရုပ်ရှင်အမြည်း

ယခုသီတင်းပတ်၌ HOUSE FULL နှင့် PIRATES OF THE CARIBBEAN: ON STRANGER TIDES ဇာတ်ကားသစ်များ ရုံဝင်လာ

ကိုလင်း
(ရုပ်ရှင်သတင်းထောက်)

ရန်ကုန် ဇွန် ၃

ယခုသီတင်းပတ် ဇွန် ၃ ရက် (သောကြာနေ့)တွင် မင်္ဂလာရုံ၌ HOUSE FULL အမည်ရှိ အိန္ဒိယရုပ်ရှင်ကားသစ်နှင့် ရှေ့ဆောင်ရုံတွင် PIRATES OF THE CARIBBEAN: ON STRANGER TIDES ဇာတ်ကားသစ်များ ရုံဝင်လာသည်။

ဒါရိုက်တာ SAJID KHAN ရိုက်ကူးထားသည့် HOUSE FULL ရုပ်ရှင်ဇာတ်ကားမှာ အင်္ဂလိပ်စာတန်းထိုး အချစ်ဟာသ အက်ရှင်ကားများဖြစ်သည်။ သရုပ်ဆောင်များအဖြစ် AK Shay Kumer၊ Dipika Padukone၊ Rithik Deshmuke၊ Lora Dutta၊ Arjun Rampal၊ Jiya Khan နှင့် Booman Irani တို့ပါဝင်ထားကြသည်။ အိန္ဒိယရုပ်ရှင်သရုပ်ဆောင် အာချေးကူးမား ခေါင်းဆောင်မင်းသားအဖြစ် ပါဝင်ထားပြီး ဇာတ်ကားတစ်ကားလုံး အင်္ဂလန်နိုင်ငံ လန်ဒန်မြို့၌ ရိုက်ကူးထားခြင်း ဖြစ်သည်။ အင်္ဂလန်နိုင်ငံရောက် လူငယ်တစ်ဦး၏ အချစ်နှင့် အမုန်တရား မြတ်နိုးမှုများကို စိတ်ဝင်စားဖွယ် ဟာသဇာတ်ဝင်ခန်းများဖြင့် ရိုက်ကူးထားခြင်းဖြစ်ရာ ပရိသတ်များ အကြိုက်တွေ့မည့်ဇာတ်ကားဖြစ်သည်။

ပြသနေ

ရှေ့ဆောင်ရုံတွင် ပြသနေသည့် PIRATES OF THE CARIBBEAN: ON STRANGER TIDES ဇာတ်ကားမှာ ဒါရိုက်တာ Rob Marshall ရိုက်ကူးထားခြင်းဖြစ်သည်။ သရုပ်ဆောင် Johnny Depp နှင့် Penelope Cruz တို့ ပါဝင်ထားပြီး ထာဝရနုပျိုစေသည့် အစွမ်းရှိသော ရေပန်းကို ရှာဖွေရာမှ ကြုံတွေ့ရသော အဖြစ်အပျက်များကို အသည်းတထိတ်ထိတ် ရင်တဖိုဖို ဖြစ်စေမည့် ဇာတ်ဝင်ခန်းများဖြင့် တင်ဆက်ထားခြင်းဖြစ်သည်။ ပရိသတ်များ ရင်ခုန်လှိုက်မောဖွယ်ရာ ကြည့်ရှုခံစားနိုင်ကြမည်မှာအမှန်ပင်။

သမ္မတနှင့် သွင်ရုပ်ရှင်ရုံတွင် **ငါ့နှမလေးပွသွားပြီ** ဇာတ်ကား ဆက်လက်ပြသလျက်ရှိပါကြောင်း ရုပ်ရှင်အမြည်းအဖြစ် ရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ရန်ကုန်စက်မှုတက္ကသိုလ်ကျောင်းသားဟောင်းများ မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇွန် ၃

ရန်ကုန်စက်မှုတက္ကသိုလ်သို့ ၁၉၇၅ ခုနှစ် ဝင်ခွင့်ရရှိသူအားလုံးနှင့် မည်သည့်နှစ်တွင် ဝင်သည်ဖြစ်စေ ၁၉၈၁ ခုနှစ်တွင် ဘွဲ့ရရှိခဲ့ကြသော အင်ဂျင်နီယာနှင့် ဗိသုကာ ကျောင်းသား ကျောင်းသူဟောင်းများ၏ ကျေးဇူးရှင်ဆရာ ဆရာမကြီးများအား ဘွဲ့ရပြီး နှစ်(၃၀)မြောက် ပုလဲရတုအထိမ်းအမှတ်ဖြင့် ဒီဇင်ဘာတွင် ပူဇော်ကန်တော့ကြမည်ဖြစ်ရာ ဘာသာရပ်ပေါင်းစုံမှ သူငယ်ချင်းအားလုံး အလှူငွေများ ထည့်ဝင်နိုင်ရန်အတွက် သတ္တုတူး-စောမောင် ဖုန်း-၀၉-၅၂၀၀၅၁၇၊ စက်မှု-ငွေစိုး-ဖုန်း-၀၁၂၂၂၄၇၄၊ လျှပ်စစ်(အား)-အောင်နိုင်မြင့်-ဖုန်း-၀၁၅၄၉၅၈၃၊ ဓာတု (အင်/ယာ)-တိုးတိုးစံ-ဖုန်း-၀၁၆၄၁၄၃၂၊ ရေနံ-အေးသန်း-ဖုန်း-၀၉-၅၄၀၁၅၃၄၊ သတ္တုဗေဒ-သန်းအောင်-ဖုန်း-၀၁၂၉၀၆၇၇၊ ချည်ထည်-တင့်တင့်သိန်း-ဖုန်း-၀၉-၅၁၇၈၉၃၃၊ ဗိသုကာ-နီလာကျော်-ဖုန်း-၀၉-၅၁၁၆၉၈၂၊ နေပြည်တော် ဖုန်း-၀၉-၈၆၂၅၅၁၇၊မြို့ပြ-ကျော်မြင့်အောင် (နေပြည်တော်) ဖုန်း-၀၉-၈၇၂-၃၂၇၉၊စက်မှု-ကျော်ဦး(မန္တလေး) ဖုန်း-၀၂-၆၄၀၆၃တို့ထံသို့ ဆက်သွယ်ကြရန်နှင့် မြဝတီဘဏ် Account Number - S 132A09294D မှ တစ်ဆင့် အလှူငွေများ ထည့်ဝင်နိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

အရည်အချင်းပြည့်မီသည့် ဟိုတယ်ဝန်ထမ်းကောင်းများဖြစ်ရေး ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်း(၄)မျိုး ဖွင့်လှစ်ပေး

နေပြည်တော် ဇွန် ၃

မြန်မာနိုင်ငံ၏ မြို့တော်ဖြစ်သည့် နေပြည်တော်ရှိ ဟိုတယ်များ၌ နိုင်ငံတော်အဆင့် အခမ်းအနားများ၊ နိုင်ငံတကာနှင့် ပူးပေါင်းကျင်းပသည့် အခမ်းအနားများ၊ နှစ်စဉ် ကျောက်မျက်ရတနာ ရောင်းဝယ်ပွဲများသို့ တက်ရောက်လာကြသည့် နိုင်ငံခြားသား ဧည့်သည်များ အများဆုံး လာရောက် တည်းခိုလျက်ရှိကြောင်း၊ ၂၀၁၂ ခုနှစ်တွင် GMS အစည်းအဝေး ကျင်းပရန်ရှိပြီး ၂၀၁၃ ခုနှစ်တွင် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများကို လက်ခံကျင်းပရန်ရှိသဖြင့် ဧည့်သည်ဝင်ရောက်မှု များပြားပြီး တည်းခိုနေထိုင်ရန် ဟိုတယ်အခန်းများ၊ စနစ်ကျသည့် ဝန်ဆောင်မှုများနှင့်အရည်အချင်းပြည့်မီသည့် ဟိုတယ်ဝန်ထမ်းကောင်းများဖြစ်စေရန် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်း(၄)မျိုးကို စီစဉ်ဖွင့်လှစ်ပေးရခြင်း ဖြစ်ကြောင်းဖြင့် ဇွန် ၂ ရက် နံနက် ၈ နာရီတွင် နေပြည်တော် ကောင်းကင်နန်းတော်ဟိုတယ်၌ ကျင်းပသည့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများဖွင့်ပွဲတွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ပြောကြားသည်။ **(အပေါ်ပုံ)**

ကြာမြင့်

ယခုဖွင့်လှစ်သည့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်း(၄)မျိုးသို့ နေပြည်တော်ဟိုတယ်ဇုန်ရှိ ဟိုတယ်များမှ သင်တန်းသား သင်တန်းသူ ၁၇၆ ဦးနှင့် ပြင်ပမှ သင်တန်းသား သင်တန်းသူ ၁၃ ဦး စုစုပေါင်းသင်တန်းသား သင်တန်းသူ ၁၈၉ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ ရက်သတ္တသုံးပတ် ကြာမြင့်မည် ဖြစ်သည်။

ဖွင့်လှစ်သင်ကြား

ဟိုတယ် ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများအနက် ဟိုတယ်ဧည့်ကြိုလုပ်ငန်းသင်တန်းကို ဇမ္ဗူသီရိဟိုတယ်၌ လည်းကောင်း၊ ဟိုတယ်အစားအစာနှင့် ယမကာဧည့်ခံကျွေးမွေးရေး သင်တန်းကို ကောင်းကင်နန်းတော်ဟိုတယ်၌ လည်းကောင်း၊ ဟိုတယ်အစားအစာနှင့် ယမကာထုတ်လုပ်ရေး သင်တန်းကို ရွှေ့ရှင်ရယ်ကုမုဒြာ ဟိုတယ်၌ လည်းကောင်း၊ ဟိုတယ်အိပ်ခန်းဆောင် ထိန်းသိမ်းရေးသင်တန်းကို အမရာဟိုတယ်၌ လည်းကောင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နယ်စပ်ဒေသ တိုင်းရင်းသားများဘဝ ဖွံ့ဖြိုးတိုးတက်ရေး ပညာရေးကဏ္ဍဖြင့် ဆောင်ရွက်ပေး

နေပြည်တော် ဇွန် ၃

တိုင်းရင်းသားများ ဆူကြုံနိမ့်မြင့်ကွာဟမှုနည်းပါးစေရန် နိုင်ငံတော်က ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ သင်တန်းသား သင်တန်းသူများအနေဖြင့် နယ်စပ်ဒေသရှိ တိုင်းရင်းသားများဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍဖြင့် မြှင့်တင်ဆောင်ရွက်ပေးကြရန်၊ သို့မှသာ ပြည်ထောင်စုစိတ်ဓာတ်များ ပိုမိုခိုင်မြဲလာမည်ဖြစ်ကြောင်း၊ယခုသင်တန်း တက်ရောက်အောင်မြင်ပြီးပါက နယ်စပ်ဒေသမှ တိုင်းရင်းသားလူမျိုးများ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်လာအောင်၊ ပညာရည်မြင့်မားလာအောင် ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ဇွန် ၁ ရက် နံနက် ၁၀ နာရီက မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပသော ၂၀၁၁ ခုနှစ် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် သင်တန်းသား သင်တန်းသူများအား မွန်ပြည်နယ်ဝန်ကြီးချုပ်၏ သြဝါဒခံယူပွဲအခမ်းအနား၌ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က အမှာစကားပြောကြားသည်။

တက်ရောက်

၂၀၁၁ ခုနှစ် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်သို့ မွန်ပြည်နယ်မှ သင်တန်းသား ခြောက်ဦးနှင့် သင်တန်းသူ ၁၀ဦး စုစုပေါင်း ၁၆ဦး တက်ရောက်မည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းသစ်ဖွင့်

မအူပင် ဇွန် ၃

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ် ငါးကြီးဂရက်ကျေးရွာအုပ်စု ရွာသစ်စုတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် အလှူရှင်များကလှူဒါန်းသော ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မေ ၂၈ ရက် နံနက် ၉ နာရီခွဲက အဆိုပါ လမ်းသစ်ဖွင့်ပွဲ မုခ်ဦးရှေ့၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီလင်း၊ ကွန်ကရစ်လမ်း အလှူရှင်များဖြစ်ကြသည့် မိခင်ကြီး ဒေါ်တင်အေးနှင့်သား ဦးဇော်မင်း (ခ)ဦးမောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

လှူဒါန်းဆောင်ရွက်

အဆိုပါလမ်းသည် ငါးကြီးဂရက်ကျေးရွာနှင့် ရွာသစ်စုကျေးရွာတို့ကို ဆက်သွယ်သည့်လမ်းဖြစ်ပြီး လမ်းအရှည်ပေ ၈၆၁၀နှင့် အကျယ်လေးပေ ခြောက်လက်မရှိသည့် ကွန်ကရစ်လမ်းဖြစ်သည်။ ကွန်ကရစ်လမ်းသစ်ခင်းခြင်းကို အလှူရှင်များက ငွေကျပ်သိန်း ၂၁၀ ထည့်ဝင်လှူဒါန်းကာ ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

စားသောက်ကုန်ထုတ်လုပ်နည်းသင်တန်းဖွင့်မည်

မန္တလေး ဇွန် ၃

သမဝါယမဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန (မန္တလေး)ရုံးခွဲမှ သစ်သီးဝလံအခြေခံ စားသောက်ကုန်ထုတ်လုပ်နည်း သင်တန်းကို (၄၅)ကြိမ်မြောက် ဖွင့်လှစ်ပို့ချမည်ဖြစ်ရာ သင်တန်းကာလမှာ ဇွန် ၂၁ ရက်မှ ၂၇ ရက်အထိဖြစ်သည်။ သင်တန်းမှတ်ပုံတင်ကြေး ငွေကျပ် ၁၀၀၀၀နှင့် ကုန်ကျစရိတ်အချိုးကျသာ ကုန်ကျမည်ဖြစ်ပြီး သင်တန်းတက်ရောက်လိုသူများသည် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန (မန္တလေး)ရုံးခွဲ ၈၂×၂၅ လမ်းထောင့် အောင်မြေသာစံမြို့နယ် ဖုန်း-၀၂-၃၉၆၀၉၊ ၀၉-၂၀၀၀၇၃၀ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ **(သမဝါယမဦးစီးဌာန)**

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဦးစီးအရာရှိ ဦးမျိုးဝင်း၊ ကျန်းမာရေးမှူး(၂) ဦးကြည်ဝင်းနှင့် ခရိုင်ကျန်းမာရေးဌာနမှတာဝန်ရှိသူများ ပူးပေါင်း၍ မေ ၁၆ရက်က မြို့ပေါ်ရပ်ကွက်ရှိ စာသင်ကျောင်း ၄၂ကျောင်းတွင် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ပညာသင်စရိတ်နှင့် ကျောင်းသုံးစာရေးကိရိယာများ အမြို့မြို့အနယ်နယ်၌ ထောက်ပံ့ပေးအပ်

ရန်ကုန် ဇွန် ၃

ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ထောက်ပံ့ပေးအပ်ပွဲကို မေ ၂၇ ရက်က တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပရာ ကျောင်းသား ကျောင်းသူ ၉၄ ဦးအတွက် ထောက်ပံ့ငွေကျပ် ၁၂၁၅၀၀၀နှင့် ဗလာစာအုပ် ဒါဇင် ၂၀၀တို့ကို ရဲမှူးကြီး ဇော်ဝင်းအောင်က ကျောင်းသား ကျောင်းသူ ကိုယ်စားလှယ်များအား ထောက်ပံ့ပေးအပ်စဉ်။ (ခရိုင်ရဲတပ်ဖွဲ့မှူးရုံး)

ဖျာပုံမြို့ အလင်းရောင် ပညာရေးအကျိုးဆောင်ကော်မတီ၏ ပညာသင်စရိတ်၊ ကျောင်းသုံးဖတ်စာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ပွဲကို မေ ၂၂ ရက်က ငြိမ်းချမ်းမင်္ဂလာခန်းမ၌ကျင်းပရာ အလှူရှင်များကိုယ်စား ပညာသင်ထောက်ပံ့ငွေများကို ဦးညီညီက ထောက်ပံ့ပေးအပ်စဉ်။ (၀၆၇)

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးက ကြီးမှူးကျင်းပသည့် တပ်ဖွဲ့ဝင်မိသားစုများအား ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို မေ ၂၂ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်ကြည်က ကျောင်းသားတစ်ဦးအား ထောက်ပံ့ပေးအပ်စဉ်။ (ပညာရေး)

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်၌ ၂၀၁၁- ၂၀၁၂ ခုနှစ် ပညာသင်နှစ်အတွက် ဒေးဒရဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ငွေပေးအပ်ပွဲကို မေ ၃၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ရွှေက စာအုပ်နှင့် စာရေးကိရိယာများကို ကျောင်းသူတစ်ဦးအား ထောက်ပံ့ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

ရေမြောင်းများ တူးဖော်

ကြာအင်းဆိပ်ကြီး ဇွန် ၃

ကြာအင်းဆိပ်ကြီးမြို့ သာယာလှပရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် ကျန်းမာသန့်ရှင်းရေးတို့အတွက် စိုက်ပျိုးရေးလမ်းတစ်လျှောက် ရေမြောင်းများတူးဖော်ခြင်း၊ မြို့အတွင်းရှိ မြက်၊ ချုံများ ရှင်းလင်းခြင်း၊ ပန်းအလှပင်များပြုပြင်ခြင်းကို မေ ၂၁ ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်မျိုးမြင့်နှင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးခင်မောင်ချို ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

ဒုတိယအကြိမ်မြောက် မြန်မာ့စားသောက်ကုန် ကုန်စည်ပြပွဲ

ရန်ကုန် ဇွန် ၃

ပြည်တွင်းရှိ စားသောက်ကုန်လုပ်ငန်းများ၏ ထုတ်ကုန်များကို နိုင်ငံတကာစံချိန်စံညွှန်းနှင့် ကိုက်ညီသည့်အဆင့် ရောက်အောင် မြန်မာနိုင်ငံစိုက်ပျိုးရေးအခြေခံစားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းက ဘက်ပေါင်းစုံမှ ပံ့ပိုးပေးလျက်ရှိသည်။

သတင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)



"အဓိကအားဖြင့် ဒီပွဲဟာ စားသုံးသူနဲ့ ကိုယ်တိုင်ထုတ်လုပ်သူတို့ ထိတွေ့တဲ့ပွဲဖြစ်ပါတယ်။"
ဦးဇော်မင်းဝင်း
ဥက္ကဋ္ဌ

ပြသ

ယခုတစ်ဖန် စိုက်ပျိုးရေး အခြေခံ စားသောက်ကုန်များအား တစုတစည်းတည်းဖြင့် နိုင်ငံတကာ အဆင့်မီကြောင်း ပြသရန်၊ အများ ပြည်သူတို့အနေဖြင့် သိရှိပြီး ထုတ်ကုန်များအပေါ် ရင်းနှီးလာစေရန်၊ လုပ်ငန်းရှင်များအချင်းချင်း စီးပွားဆက်သွယ်မှုရရှိပြီး ဈေးကွက် ပိုမိုတိုးချဲ့လာနိုင်စေရန်၊ စားသောက်ကုန်ပစ္စည်းများ၏ စံချိန်စံညွှန်းပိုမိုမြင့်မားလာစေရန်ဟူသော ရည်ရွယ်ချက်များဖြင့် ဒုတိယအကြိမ်မြောက် မြန်မာ့စားသောက်ကုန် ကုန်စည်ပြပွဲကို ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် ဇွန် ၃ ရက်မှ ၅ ရက်အထိ ပြသလျက်ရှိသည်။

တွေ့ဆုံ

အဆိုပါ ပြပွဲသို့ မြန်မာ့အလင်း သတင်းအဖွဲ့ သတင်းသွားရောက်ယူရာ ပြပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် ဘဏ္ဍာရေးမှူး ဦးအောင်ရွှေတို့နှင့် တွေ့ဆုံခွင့်ရလိုက်သည်။

ကော်မတီဥက္ကဋ္ဌက **"ဒီနေ့ပြပွဲမှာ ကုမ္ပဏီ ၇၅ ခုက ပြခန်းပေါင်း ၁၂၅ ခန်းနဲ့ ပြသလျက်ရှိပါတယ်။ ဒါ့အပြင် အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့်ကျန်းမာရေးဝန်ကြီးဌာနတို့ကလည်း ပူပေါင်းပါဝင်ပြသလျက်ရှိပါတယ်၊ အဓိကအားဖြင့် စားသုံးသူနဲ့ ကိုယ်တိုင်ထုတ်လုပ် သူတို့ ထိတွေ့တဲ့ပွဲပါပဲ"** ဟု မြန်မာ့အလင်းသို့ ရှင်းပြကြသည်။

ဒုတိယအကြိမ်မြောက် မြန်မာ့စားသောက်ကုန် ကုန်စည်ပြပွဲတွင် ဝယ်ယူသူများဖြင့် စည်ကားစွာ တွေ့ရစဉ်။

အသင်းဘဏ္ဍာရေးမှူးကလည်း **"ဒီပွဲက ရန်ကုန်အသင်းချုပ်အနေနဲ့ ဒုတိယအကြိမ်ပြသတဲ့ပွဲပါ။ ပထမအကြိမ်က ဒီခန်းမမှာပဲ ၂၀၀၉ခုနှစ်က ပြခဲ့ဖူးပါတယ်။ အဲဒီတုန်းကလည်း အောင်မြင်မှုတွေရခဲ့ပါတယ်။ ၂၀၁၁ ခုနှစ် မတ်လမှာလည်း မန္တလေး အသင်းခွဲက မန္တလေးမြို့မှာ ပြသခဲ့ပါတယ်"** ဟု ရှင်းပြသည်။

"ရန်ကုန်အသင်းချုပ်အနေနဲ့ ဒုတိယအကြိမ်ပြသတဲ့ပွဲပါ။"
ဦးအောင်ရွှေ
ဘဏ္ဍာရေးမှူး

စတင်

ပြခန်းတွင် လှည့်လည်လေ့လာရာ နိုင်ငံတကာအဆင့်မီစားသောက်ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ဓာတ်ခွဲခန်းကို တွေ့ရသဖြင့်မေးမြန်းကြည့်ရာ ဓာတ်ခွဲခန်း စီမံအုပ်ချုပ်ရေးဥက္ကဋ္ဌ ဦးစိန်သောင်းဦးက **"စားသောက်ကုန်ပစ္စည်းများ ဓာတ်ခွဲခြင်းလုပ်ငန်းကို ၂၀၁၀ ခုနှစ် နိုဝင်ဘာ ၁ ရက်က စတင်ခဲ့ပါတယ်။ အဓိကကတော့ စားသောက်ကုန်တွေရဲ့ စံချိန်စံညွှန်း ကိုက်ညီမှု ရှိမရှိကို စစ်ဆေးပေးဖို့ပါပဲ။ စားသုံးသူတွေ အန္တရာယ်ဖြစ်စေမယ့် ဓာတုဆိုးဆေးတွေ၊ အဏုဇီဝပိုးမွှားတွေ ကင်းရှင်းရေးကို ဦးစားပေး စစ်ပေးလျက်ရှိပါတယ်။ နည်းပညာအနေနဲ့ ဂျပန်နိုင်ငံနဲ့ ပူးပေါင်းပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်"** ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

ဆက်လက်ရှင်းပြ

"ကျွန်တော်တို့ရဲ့ စားသောက်ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြု ဓာတ်ခွဲခန်း အသင်းတည်ရာက ကုန်သည်များနှင့် စက်မှုဆိုင်ရာ လုပ်ငန်းရှင်များ အသင်းချုပ် လမ်းမတော်မှာရှိပါတယ်။ အသင်းဝင် ထုတ်လုပ်သူမှ မဟုတ်ပါဘူး။ စားသောက်ကုန် ထုတ်လုပ်သူတိုင်း မည်သူမဆို လာရောက် စစ်ဆေးခံယူမှုတွေ ပြုလုပ်နိုင်ပါတယ်။ ဓာတ်ခွဲခန်း မှ စစ်ဆေးပြီးကြောင်း အမှတ်တံဆိပ်တွေကိုလည်း ပေးသွားမှာပါ" ဟု ဦးစိန်သောင်းဦးက ဆက်လက်ရှင်းပြသည်။

စည်စည်ကားကား

စားသုံးသူတို့ ယနေ့တွေ့ကြုံနေရသော ဆိုးဆေးများ၊ ဓာတုပစ္စည်းများ၊ အဏုဇီဝပိုးမွှားများ၏ အန္တရာယ်မှ ကင်းဝေးသည့် ထုတ်ကုန်ပစ္စည်းများ ပြသရောင်းချသော မြန်မာနိုင်ငံစိုက်ပျိုးရေး အခြေခံ စားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၏ ဒုတိယအကြိမ်မြောက် မြန်မာ့စားသောက်ကုန် ကုန်စည်ပြပွဲကြီးသည်ကား ဖွင့်ပွဲစသည့်ရက် နံနက်ကပင် စည်စည်ကားကားရှိနေသော ပြပွဲကြီးတစ်ပွဲ ဖြစ်ပါကြောင်း သတင်းကောင်းပါး ရေးသားလိုက်ရပါသည်။ ။ (မြန်မာ့အလင်း)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၄-၆-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ် ဖောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
၅:၂၀	MRTV-4 သတင်း
၅:၅၀	**အနတ္တမြင်လျှင် နိဗ္ဗာန်ဝင်** တရားတော် [ဆရာတော် အရှင်ဇဝန(မေတ္တာရှင်)]
၆:၃၅	ထင်ရှားဖူးမျှော် ပင်းတယ ရွှေဥမင်သဘာဝလိုဏ်ဂူတော်
၆:၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၂၄)
၇:၃၀	MRTV-4 သတင်း
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၈၂)
၈:၅၀	Activities in the City (SONY ၏ နည်းပညာသစ် ဆွေးနွေးဖွယ်)
၉:၁၀	ပန်းပျိုးလက်ဖြင့် ပန်းမျိုးဆက်တို့ ထက်မြက်ရှင်သန်စေရာ···
၉:၂၅	ကျန်းမာရေးနှင့်အညီ သီဟအောင် "ဆီ"
၉:၄၀	Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀:၀၅	နယ်ဉီဆန်းထွင်ပန်းအလှဆင် ("L" ပုံသဏ္ဌာန်ပန်းအိုးထိုးနည်း၊ "T" ပုံသဏ္ဌာန်ပန်းအိုးထိုးနည်း)
၁၀:၃၅	သွားမယ်စားမယ် (Mr. Bar BQ)
၁၁:၁၀	အဘိုးအဘွားများအေးချမ်းစွာ နားခိုရာချမ်းမြေ့သာယာစံတော်သာ
၁၁:၄၀	ပန်းချီပြခန်း (Moming glory ပန်းချီပြပွဲ)
၁၁:၅၀	သူတို့ပြောတဲ့ သူတို့အကြောင်း (သရုပ်ဆောင်-မင်းဟိန်းနှင့် တွေ့ဆုံခြင်း)
၁၂:၃၀	မိသားစုများသိသင့်သော လေဖြတ်ခြင်းဆိုင်ရာကျန်းမာရေး ဗဟုသုတများ (ဒေါက်တာပန်ဒိုရာအောင်ကြီး၊ အကယ်ဒမီလူမင်း-ခင်စံပယ်ဦး၊ Rဇာနည်-ဝမ်း)
၁:၀၀	**အနတ္တမြင်လျှင် နိဗ္ဗာန်ဝင်** တရားတော် [ဆရာတော် အရှင်ဇဝန(မေတ္တာရှင်)]
၁:၅၀	သက်ဝင်လှုပ်ရှား ရသရုပ်လုံးရုပ်ကြွများ (စလေရုပ်စုံကျောင်းတော်ကြီး)
၂:၀၀	MRTV-4 သတင်း
၂:၂၀	VJ Choice
၂:၄၀	အရည်အသွေးတို့၏အစပထမ
၂:၅၀	Goals of the week
၃:၂၀	ထာဝရဂုဏ်ပူဇာမင်္ဂလာ အထက(၁) ကျိုက်ထို
၃:၄၀	Activities in the City (**ကန့်လန့်ကာကြီးဖွင့်ပါဦး** ဗီဒီယိုဇာတ်ကားကန်တော့ပွဲပေးပွဲ အခမ်းအနား)
၄:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၈၂)
၄:၅၅	ပုဂံညောင်ဦးမြို့ ရှင်အရဟံ သိမ်တော်ကြီး ရေစက်ချ အလှူမင်္ဂလာ
၅:၀၅	Eushido နှင့်သူ၏ချစ်သူများ
၅:၃၀	ဂဏန်းသင်္ချာပျော်စရာ
၆:၀၀	MRTV-4 သတင်း
၆:၂၀	Movie Talk (ရုပ်ရှင်စကားဝိုင်းအညွှန်း) (အပိုင်း-၁၀)
၆:၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၂၅)
၇:၃၅	Singapore Night (Orchard Road)
၈:၀၀	MRTV-4 သတင်း
၈:၃၀	Kids Show
၉:၀၀	ဖက်ရှင်လမ်းညွှန်(တော်ဝင်သူ)
၉:၂၅	ထာဝရရှင်သန်တောက်ပဆဲ အနုပညာကြယ်ကြွေပွင့်များ (စာရေးဆရာနီကိုရဲ)
၉:၅၅	စိတ်ချယုံကြည် Global Wave Technology
၁၀:၁၀	England Vs Suitzerland
၁၂:၁၀	MRTV-4ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း -၈၃)
၁:၀၀	World of Knowledge (Mega Factories Apache Heli-copter)
၁:၄၅	**မေတ္တာရောင်ပြန်** ဧယျာဦးဝင်းမြိုင်၊စိုးမိုးကြည် [ဒါရိုက်တာ-ဝင်းမောင်ရွှေ(Art)]
၂:၀၅	စွဲမက်ဖွယ်ရာရတနာ (ကြည်လင်အေးမြ မြကျောက်အလှ) (အပိုင်း-၁)
၂:၃၅	တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (ပင်လယ်ရေမှော်စိုက်ပျိုး မွေးမြူရေးလုပ်ငန်း)
၂:၅၅	လှပသစ်ဆန်းအလှပြင်ခန်း (hana Beauty Saloon)
၃:၁၅	ရွှေတိုင်းမြို့မှဂုဏ်တင့်စေရာ ကြိမ်လက်မှုအနုပညာ
၃:၃၀	လယ်တီသာသနာ လယ်တီကျောက်စာ
၄:၀၀	ဈေးနှုန်းချိုသာမြန်မာ့ကြွေအမိုးပြား (သာယာဝတီ)
၄:၀၅	မမေ့နိုင်ပါပြီ··· ကမ္ဘောဇအလှဌာနီ
၄:၂၅	ပန်းပုပန်းချီတုမမီအောင် လက်ရာစုံပေသည်
၄:၄၀	ကံပေါက်ဒေသမှလေ့လာစရာများ
၅:၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အိုင်စီတီ သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဇွန် ၃

ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးနှင့် Soft Guide Computer Co., Ltd. တို့ ပူးပေါင်းဖွင့်လှစ်သည့် ICT Development & Application (၄/၂၀၁၁) သင်တန်းဆင်းပွဲကို မေ ၃၀ ရက်က အမှတ်(၃) အခြေခံပညာဦးစီးဌာန ကွန်ပျူတာခန်းမ၌ကျင်းပရာ ရှေးဦးစွာ အမှတ်(၃) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်၊ ညွှန်ကြားရေးမှူး(စီမံ/ဘဏ္ဍာ) ဦးတင်လှိုင်နှင့် Soft Guide Computer Co., Ltd. မှ မန်နေဂျင်း ဒါရိုက်တာ ဦးအောင်သန်းညွှန့်တို့က အမှာစကား ပြောကြားကြသည်။

ချီးမြှင့်

ထို့နောက် သင်တန်းတွင် ထူးချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုထူးချွန်ဆုနှင့် သင်တန်းဆင်း လက်မှတ်များကို ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့် **(အပေါ်ပုံ)**နှင့် တာဝန်ရှိသူများက ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(ပညာရေး)**

ကန်ကြီးထောင့် ပြည်သူ့ဆေးရုံသို့ ဆေးပဒေသာပင်လှူဒါန်း

ကန်ကြီးထောင့် ဇွန် ၃

ကန်ကြီးထောင့်မြို့နယ် ပြည်သူ့ဆေးရုံသို့ ဆေးပဒေသာပင်လှူဒါန်းပွဲ အခမ်းအနားကို မေ ၂၅ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်လှိုင်က ဆေးပဒေသာပင်လှူဒါန်းရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက မတည်လှူဒါန်းငွေကျပ် ၂၅၅၀၀၀၀ကို မြို့နယ်ဆရာဝန်ဒေါက်တာကျော်မျိုးလှိုင်ထံသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ထန်းတပင်မြို့နယ်၌ မြေနီလမ်းဖွင့်

ထန်းတပင် ဇွန် ၃

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် တူးချောင်းကျေးရွာနှင့် ထိန်ကုန်းကျေးရွာသို့ ဆက်စပ်လျက်ရှိသော တူးချောင်းရွာလယ် မြေနီလမ်းမကြီးအား ကျေးရွာသူ ကျေးရွာသားများစုပေါင်း၍ ကိုယ့်အားကိုယ်ကိုး ဖောက်လုပ်ခဲ့ပြီးနောက် အဆိုပါလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို မေ ၂၉ ရက် နံနက် ၉ နာရီက အဆိုပါ လမ်းထိပ်၌ ကျင်းပရာ ထန်းတပင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုး၊ ထန်းတပင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းရီ၊ တိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတိုင်းရတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)** ထို့နောက် လမ်းအလှူရှင်များအား ဂုဏ်ပြုလွှာများ ပေးအပ်ခဲ့ကြကြောင်း သိရှိရသည်။ **(ဝ၄ရ)**

ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား ဂျပန်နိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၃

သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr.Takashi SAITO သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ဆွေးနွေး

ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်နေသော အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးနှင့် ဒီရေတောများ ပြန်လည်ထူထောင်ရေးလုပ်ငန်းစီမံကိန်းများ အောင်မြင်မှုအခြေအနေ၊ ဆက်လက်ပူးပေါင်းဆောင်ရွက်ရန်ကိစ္စရပ်များ၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကျိုတိုသဘောတူညီချက်အရ အဖွဲ့ဝင်နိုင်ငံများမှ ဆောင်ရွက်ရန်ရှိသည်များကို လိုက်နာဆောင်ရွက်ရေးတို့နှင့် ပတ်သက်၍ ဆွေးနွေးကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၃-၆-၂၀၁၁

မိုးကုတ်မြို့
၂ ဒသမ ၆၈ လက်မ

ကော့ကရိတ်မြို့
၁ ဒသမ ၅၄ လက်မ

မင်းတပ်မြို့
၁ ဒသမ ၂၉ လက်မ

လောင်းလုံမြို့
၀ ဒသမ ၈၇ လက်မ

ကျောင်းသားလူငယ် ကျင့်စေဖွယ်

* ကျောင်းသားလူငယ်၊ ကျင့်စေဖွယ်
ခြောက်သွယ်ဝတ္တရား။

* ဆရာကြွလာ၊ ဆီးကြိုပါ
လျင်စွာပျပ်ဝပ်တွား။

* ပညာကိုသင်၊ နေ့စဉ်ပင်
ပျော်ရွှင်စိတ်ကိုပွား။

* ကြီးငယ်ရိုသေ၊ ကျင့်ဆောင်လေ
မသွေအကျိုးများ။

* သင်ပြီးသောစာ၊ ပြန်ဖတ်ပါ
စိတ်မှာစွဲဆောင်ထား။

* ကျောင်းစည်းကမ်းတွေ၊ လိုက်နာလေ
မှန်ပေတိုးတက်ပွား။

* ကျန်းမာသန့်ရှင်း၊ နေထိုင်ခြင်း
လွတ်ကင်းရောဂါများ။

* လမ်းညွှန်ပေးဆက်၊ ဤခြောက်ချက်
လေးနက်ဒို့မှတ်သား။ ။

နှင်းမောင်(ဇီးကုန်း)

● *ကျောဖုံးမှ*

ပေါက်၊ ရေပြာ၊ ထီးလင်း၊ ဆော၊ လောင်းရှည်၊ ကျောက်ထု၊ စေတုတ္တရာနှင့် ငဖဲ စာစစ်ဌာနများ၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော နန်းယွန်း၊ လေရှီးနှင့် လဟယ်စာစစ်ဌာနများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ကိုကိုးကျွန်းစာစစ်ဌာနများမှ အောင်မြင်ကြသူများအတွက် အောင်စာရင်းများကို ထုတ်လွှင့်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

❖ *ကျောဖုံးမှ*

သိပ္ပံပညာရှင်တွေက ဒီကင်ဆာရောဂါကို ကုသပျောက်ကင်းနိုင်မယ့် ဆေးဝါးတွေ အပတ်တကုတ် စမ်းသပ်ရှာဖွေနေကြပါတယ်။

အဆုတ်ကင်ဆာထိုးဆေး

ကျူးဘားနိုင်ငံမှာရှိတဲ့ ဆေးရုံ၊ ဆေးခန်းတွေအားလုံး အဆုတ်ကင်ဆာထိုးဆေးကို ပထမဆုံး စတင်အသုံးပြုနေပြီလို့ ကျူးဘားကျန်းမာရေးတာဝန်ရှိသူတွေက ပြောကြားလိုက်ပါတယ်။ ဒီသတင်းက အဆုတ်ကင်ဆာဝေဒနာရှင်တွေအတွက် ဝမ်းမြောက်စရာသတင်းပါပဲ။

ဒီထိုးဆေးကိုတော့ CIMA VAXEGF လို့ခေါ်ဆိုကြောင်း၊ အဆုတ်ကင်ဆာအတွက် စီမံထုတ်လုပ်ထားတဲ့ဆေးဖြစ်ကြောင်း ကျူးဘားဆေးဝါးစမ်းသပ်ရေးဗဟိုဌာနမှ သုတေသနပညာရှင် ပက်ဒရိုပါဘလိုဂူယာက ပြောပါတယ်။ ဒီဆေးကို ကျူးဘားမော်လီကျူလာအီမြူနိုလော်ဂျီဌာနမှ ထုတ်လုပ်ခဲ့ခြင်းဖြစ်ပါတယ်။ ဒီဆေးဟာ အဆုတ်ကင်ဆာဝေဒနာရှင်များအတွက် ကုသဖို့ ကမ္ဘာမှာ မှတ်ပုံတင်ထားတဲ့ ဆေးဖြစ်တယ်လို့ ဆိုပါတယ်။

ထုတ်လုပ်နိုင်ပြီ

ထို့အတူ ဩစတြေးလျ သုတေသီများကလည်း အဆုတ်ကင်ဆာကုသနိုင်တဲ့ ဆေးဝါးကုထုံးတစ်မျိုးကို ထုတ်လုပ်နိုင်ပြီလို့ ပြောပါတယ်။

တွေ့ရှိထားတဲ့ ဆေးဝါးကုထုံးဟာ ကင်ဆာဖြစ်သူများရဲ့ အကျိတ်ဖု ၈၀ ရာခိုင်နှုန်းကို ဖျက်ဆီးပစ်နိုင်လို့ လူနာတွေရဲ့ အသက်ကို ပိုပြီးရှည်စေနိုင်ကြောင်း မစ္စတာပါဘလိုဂူယာက ဆိုပါတယ်။ ဒီကုထုံးဟာ ကင်ဆာအကျိတ်ဖုတွေမဖြစ်အောင် တားဆီးနိုင်သလို သေးသွားအောင်လည်း လုပ်နိုင်တာကြောင့် ပိုပြီးအသက်ရှည်ရှည်နေနိုင်မယ်လို့ ၄င်းက ကင်ဘာရာတိုင်း(မ်) သတင်းစာသို့ မကြာသေးမီက ပြောပါတယ်။

ဆေးလိပ်မသောက်ကြဖို့

ဆေးလိပ်သောက်သူတွေဟာ မသောက်သူတွေထက် အဆုတ်ကင်ဆာဖြစ်ဖို့ ခုနစ်ဆပိုများကြောင်း စင်ကာပူအမျိုးသားတက္ကသိုလ်မှ ထုတ်ပြန်တဲ့ လေ့လာချက်စာတမ်းတစ်စောင်မှာ ဖော်ပြထားပါတယ်။ စင်ကာပူနိုင်ငံမှာ အဆုတ်ကင်ဆာကြောင့် နှစ်စဉ်လူတစ်ထောင်ကျော် သေဆုံးနေကြရတယ်လို့ ဆိုပါတယ်။ အဆုတ်ကင်ဆာရောဂါ ကာကွယ်ဖို့ တစ်ဖက်ကလည်း ဆေးဝါးတွေ သုတေသနပြု စမ်းသပ်ထုတ်လုပ်နေသလို အဆုတ်ရောဂါကို ဖြစ်စေနိုင်တဲ့ ဆေးလိပ်သောက်သုံးမှု လျှော့ချဖို့လည်း လိုအပ်မှာဖြစ်ကြောင်း အသိပေးတင်ပြလိုက်ရပါတယ်။ **ကိုးကား- အင်တာနက်**

နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေမည်

သာသနာရေးဝန်ကြီးဌာန အမှုထမ်းအဆင့် အင်္ဂလိပ်စာအဆင့်မြင့် သင်တန်းဆင်း

နေပြည်တော် ဇွန် ၃

သာသနာရေးဝန်ကြီးဌာန အမှုထမ်းအဆင့် အင်္ဂလိပ်စာအဆင့်မြင့် သင်တန်းအမှတ်စဉ်(၂) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပေးအပ်ချီးမြှင့်

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် တက်ရောက်အမှာစကားပြောကြားပြီး ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့် **(ဝဲပုံ)**ကာ သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရပ်စောက်မြို့၌ အခွန်ပညာပေးရှင်းလင်း

ရပ်စောက် ဇွန် ၃

တောင်ကြီးခရိုင် ရပ်စောက်မြို့နယ် အခွန်ဦးစီးဌာနမှမြို့နယ်အထွေထွေအုပ်ချုပ်ရေး အစည်းအဝေးခန်းမ၌ မေ ၂၅ ရက် နံနက် ၁၀ နာရီက အခွန်ပညာပေးရှင်းလင်းပွဲ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခွန်စိုးလွင်က အမှာစကားပြောကြားပြီး ခရိုင်ဦးစီးဌာနမှူး ဦးခင်မောင်ထွေးနှင့် ရပ်စောက်မြို့နယ် အခွန်ဦးစီးဌာနမှူး ဦးဆန်းထူးတို့က ဝင်ငွေကြေညာလွှာတင်သွင်းခြင်းနှင့် အခွန်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခြင်းများ ပြုလုပ်ပြီး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

အလယ်ပိုင်းဒေသများ မိုးဆက်လက်လျော့နည်းနေမည်

နေပြည်တော် ဇွန် ၃

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

ဇွန် ၄ ရက် ညနေအထိခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး၊ လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် မိုးဆက်လက်လျော့နည်းနေမည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဇွန်လဒုတိယသီတင်းပတ်ကုန်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီးတွင် နေရာစိပ်စိပ်နှင့် မန္တလေးတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးရွာမည်။

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းအား ဂျပန်နိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၃

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr.Takashi SAITO သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ဆွေးနွေး

ယင်းသို့တွေ့ဆုံရာတွင် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ဆက်သွယ်မှုစနစ်၊ ကျေးလက်ဒေသ ဆက်သွယ်မှုစနစ် ဖွံ့ဖြိုးရေးဆိုင်ရာများနှင့် ဆက်သွယ်ရေးစက်ပစ္စည်းကိရိယာများတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံးပြုရေးဆိုင်ရာ ကိစ္စရပ်များနှင့် တိုးတက်ပြောင်းလဲလာသော နည်းပညာရပ်များနှင့်အညီ နှစ်နိုင်ငံဆက်သွယ်ရေးနည်းပညာများ ပူးပေါင်းတိုးမြှင့် ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နွေရာသီ အင်္ဂလိပ်စာသင်တန်းဆင်း

ရန်ကုန် ဇွန် ၃

GETC အင်္ဂလိပ်စာသင်တန်းကျောင်း နွေရာသီအင်္ဂလိပ်စာသင်တန်းဆင်းလက်မှတ်နှင့် ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို မေ ၃၁ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ Chatrium Hotel ၌ ကျင်းပသည်။

ပေးအပ်

သင်တန်းဆင်းပွဲတွင် ဒေါ်ဝင်းရှိရှိ (အင်္ဂလိပ်စာ ဆရာမ)နှင့် Mr. Nlelson (Managing Director of NELC and NIEC) တို့က ကျောင်းသား ကျောင်းသူများအား သင်တန်းဆင်း လက်မှတ်များ ပေးအပ်သည်။

ထို့နောက် မန်နေဂျင်း ဒါရိုက်တာ ဦးထွန်းနိုင်ဦးက ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဆုတံဆိပ်များ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(မြန်မာ့အလင်း)

သံတောင်ကြီး၌ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

သံတောင်ကြီး ဇွန် ၃

သံတောင်ကြီးမြို့၌ မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနား ကျင်းပရာ ကရင်ပြည်နယ် အစိုးရအဖွဲ့ လူမှု/ပညာ/ကျန်းမာရေးဝန်ကြီး ဦးစောခရစ္စတိုဖာ တက်ရောက်အမှာစကား ပြောကြားသည်။ ထို့နောက် ပြည်နယ်ပညာရေးမှူး ဒေါ်လှလှ၊ သံတောင်ကြီးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစောခူးရီနှင့် မြို့နယ်ပညာရေးမှူး ဒေါ်နော်မူးဒီစေးကြီးတို့က ကျောင်းအပ်နှံရေးနေ့ ကျင်းပရခြင်း အကြောင်း ရှင်းလင်းပြောကြားသည်။

ချီးမြှင့်

အခမ်းအနားတွင် ကရင်ပြည်နယ် အစိုးရအဖွဲ့မှ လှူဒါန်းသော ထောက်ပံ့ငွေ၊ ဗလာစာအုပ်နှင့် ကျောင်းသုံး ပုံနှိပ်စာအုပ်များကို ပြည်နယ် လူမှု/ပညာ/ကျန်းမာရေးဝန်ကြီးက ပေးအပ်ချီးမြှင့်ရာ မြို့နယ်ပညာရေးမှူးက လည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များ၏ လှူဒါန်းပစ္စည်းများကို တာဝန်ရှိသူများက လည်းကောင်း လက်ခံယူခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရေနုတ်မြောင်းတူးဖော်

ကော့သောင်းမြို့ မြရည်ပုလဲအတွင်းလမ်း လမ်းဘေး ဝဲ/ယာ ရေနုတ်မြောင်း တူးဖော်နေမှုကို အမှုဆောင်အရာရှိ ဦးကျော်မိုးလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကွင်းဆင်းဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့

(စန်းလွင်)

ဇွန် ၅ ရက်နေ့သည် ကမ္ဘာ့ပတ်ဝန်းကျင်နေ့(World Environment Day) ဖြစ်ပါသည်။ ၁၉၇၂ ခုနှစ်က ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့၌ ကျင်းပသည့် လူသားနှင့်ပတ်ဝန်းကျင်ညီလာခံတွင် ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် (United Nations Environment Programme) ကို ထူထောင်ခဲ့သည့် အထိမ်းအမှတ်အဖြစ် ကုလသမဂ္ဂအထွေထွေညီလာခံက သတ်မှတ်ခဲ့ခြင်း ဖြစ်ပါသည်။ ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရာ၌ နိုင်ငံများ၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်းနှင့် နည်းပညာအကူအညီပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ်သည် ၁၉၇၄ ခုနှစ်မှ စတင်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအပေါ် ကမ္ဘာတစ်ဝန်း အာရုံစူးစိုက်မိစေရန်နှင့် အခြေအနေနှင့် အချိန်အခါအလိုက် ဖြစ်ပေါ်နေသည့် ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများအပေါ် မူတည်ပြီး ကမ္ဘာ့ပတ်ဝန်းကျင်နေ့အထိမ်းအမှတ် ဆောင်ပုဒ်များကို နှစ်စဉ်သတ်မှတ်ပေးခဲ့ပါသည်။

၁၉၈၇ ခုနှစ်မှ စတင်၍ အပြည်ပြည်ဆိုင်ရာကမ္ဘာ့ပတ်ဝန်းကျင်နေ့ အထိမ်းအမှတ်အခမ်းအနားများကို ကမ္ဘာ့နိုင်ငံများရှိ မြို့ကြီးများတွင် လှည့်လည်ကျင်းပခဲ့ကြသည်။ ၂၀၁၁ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်နေ့ အထိမ်းအမှတ် အပြည်ပြည်ဆိုင်ရာအခမ်းအနားကို အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့နှင့် နယူးဒေလီမြို့များတွင် ကျင်းပကြမည်ဖြစ်သည်။

၂၀၁၁ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်နေ့၏ ဦးတည်ချက်ကို Forest: Nature at Your Service ဟု ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ်က သတ်မှတ်ခဲ့ပါသည်။ လူသားများအတွက် သဘာဝက ဝန်ဆောင်မှုပေးထားသည့် သစ်တောများဟု အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည်။

၂၀၁၁ ခုနှစ်အား အပြည်ပြည်ဆိုင်ရာ သစ်တောများနှစ်အဖြစ် ကုလသမဂ္ဂသစ်တောဖိုရမ်က သတ်မှတ်ခဲ့ပြီး ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲကွန်ဗင်းရှင်းက ၂၀၁၁ ခုနှစ် မေလ ၂၂ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲနေ့၏ ဦးတည်ချက်ကို သစ်တောဇီဝမျိုးစုံမျိုးကွဲဟု ချမှတ်ခဲ့သည်မှာ ကမ္ဘာမြေနှင့် လူသားများအတွက် သစ်တောများ၏ အရေးပါမှုကို ဖော်ညွှန်းနေကြခြင်းဖြစ်သည်။

သစ်တောများသည် လူသားများအား နည်းလမ်းမျိုးစုံဖြင့် အကျိုးပြုလျက်ရှိရာ အသက်မွေးဝမ်းကျောင်းမှုများ ဖန်တီးပေးခြင်း၊ မျိုးစိတ်များစွာတို့အတွက် ခိုလှုံမှုပေးခြင်းနှင့် လေကောင်းလေသန့်များ ရရှိစေခြင်းတို့မှာ သိသာသည့် သာဓကများဖြစ်ကြသည်။ တိုးပွားနေသော ကမ္ဘာ့လူဦးရေအတွက် သစ်တောများကို ကမ္ဘာမြေ၏ အဆုတ်ဟု တင်စားကြသည်။ ကမ္ဘာ့မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု၏ ၂၀ ရာခိုင်နှုန်းခန့်ကို စနစ်တကျထိန်းသိမ်းထားသည့် သစ်တောများက စုပ်ယူနိုင်၍ ဖြစ်သည်။

သစ်တောများသည် သန့်ရှင်းသောရေများ ရေရှည်တည်တံ့ရေးနှင့် အရည်အသွေးကောင်းမွန်စေရန် ထိန်းသိမ်းထားသည်။ ကမ္ဘာ့ရေသန့်များ၏ သုံးပုံနှစ်ပုံသည် သစ်တောဖုံးလွှမ်းသည့် ရေဝေရေလဲများမှရရှိနေသည်။ ရေအရည်အသွေးများ လျော့နည်းလာခြင်းနှင့် သဘာဝဘေးအန္တရာယ်များဖြစ်ကြသည့် ရေကြီးခြင်း၊ မြေပြိုခြင်း၊ ရေတိုက်စားခြင်းတို့သည် သစ်တောဖုံးလွှမ်းမှုလျော့နည်းပြီး သစ်တောအတန်းအစားကျဆင်းခြင်းတို့အပေါ် များစွာတည်မှီနေကြသည်။

ကာဗွန်သိုလှောင်ထားနိုင်ခြင်းနှင့် လေထုမှ ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူခြင်းတို့ကြောင့် သစ်တောများသည် ရာသီဥတုပြောင်းလဲမှုကို ထိန်းချုပ်ရာတွင် အရေးပါလှသည်။ နှစ်စဉ်သဘာဝတော ဧက ၃၆ သန်းခန့် ဆုံးရှုံးနေရာ သစ်တောပျက်စီးပြုန်းတီးမှုကို ထိန်းသိမ်းမှုမပြုနိုင်ပါက သဘာဝပတ်ဝန်းကျင်နှင့် တောရိုင်းတိရစ္ဆာန်များ၊ ဒေသခံပြည်သူများသာမက ကမ္ဘာ့စီးပွားရေးကိုပါ ထိခိုက်စေမည်ဖြစ်သည်။

သစ်တောသယံဇာတများကို ရေရှည်ဖွံ့ဖြိုးတိုးတက်စေမည့် သစ်တောစီမံအုပ်ချုပ်မှုစနစ်ဖြင့် ခန့်ခွဲနိုင်မှသာ ကမ္ဘာ့ပတ်ဝန်းကျင် ရေရှည်တည်တံ့နိုင်မည်ဖြစ်သည်။ လက်ရှိကာလတွင် လူဦးရေတိုးပွားခြင်းကြောင့် သစ်တောသယံဇာတများ အလွန်အမင်း ထုတ်လုပ်အသုံးချနေမှု၊ သစ်တောမြေကို ပြောင်းလဲအသုံးချမှုနှင့် သစ်တောဂေဟစနစ်များ၏ အကျိုးဆက်များကို ဒေသခံလူထုနားလည်သဘောပေါက်ရန် လိုအပ်နေမှု စသည်တို့ကြောင့် သဘာဝသစ်တောများ ပြုန်းတီးနေရသည်ဟု သုံးသပ်ကြသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများအနေဖြင့် စက်မှုလုပ်ငန်းများ ထူထောင်ပြီး ရရှိလာသည့် ကြွယ်ဝမှုများကိုအသုံးချ၍ ပြုန်းတီးခဲ့သော သစ်တောများကို ပြန်လည်စိုက်ပျိုး ပြုစုထိန်းသိမ်းလျက်ရှိသော်လည်း ဖွံ့ဖြိုးဆဲ၊ ဆင်းရဲသည့် နိုင်ငံအများစုတွင်မူ သဘာဝသစ်တောများကို ခုတ်ယူထုတ်လုပ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် သဘာဝပတ်ဝန်းကျင်ကောင်းများအား စတေးနေကြရသည်ကို ရင်နင့်ဖွယ် တွေ့ရှိနေကြရသည်။

သဘာဝသယံဇာတ ကြွယ်ဝသည့် ဖွံ့ဖြိုးဆဲမြန်မာနိုင်ငံသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဘက်စုံအားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိရာ သဘာဝပတ်ဝန်းကျင်အပေါ် ထိုက်သင့်သည့် အကျိုးသက်ရောက်မှုများရှိနေသည်ကို ဆယ်စုနှစ်များအတွင်း တွေ့ရှိနေကြရသည်။ သစ်တောဖုံးလွှမ်းမှုသည် ၁၉၉၀ ပြည့်နှစ်တွင် ၅၂ ရာခိုင်နှုန်း ရှိရာမှ ၂၀၁၀ ခုနှစ်တွင် ၄၈ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့သည်။ ဤပမာဏမှာ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် မထောင်းတာလှသော်လည်း သစ်တောသစ်ပင်များကို ချစ်ခင်မြတ်နိုးတန်ဖိုးထားတတ်သည့် မြန်မာနိုင်ငံသားများအတွက် ပူပန်မှုများရရှိနိုင်သည်။ မြန်မာ့ရွေးချယ်ခုတ်လှဲခြင်းနည်းစနစ်ဖြင့် သစ်တောများကို ထာဝစဉ်ညီ သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်ရန် ဦးတည်ဆောင်ရွက်ခဲ့သော်လည်း ရည်မှန်းချက်ပေါက်မြောက်ရန် အကန့်အသတ်များရှိနေသည်။ ရေဝေဒေသသစ်တောပြုန်းတီးမှုကြောင့် မြစ်ကြောင်းများ ပုံမှန်စီးဆင်းမှုကို ထိခိုက်စေပြီး ဆက်နွှယ်နေသည့် ပတ်ဝန်းကျင်ပြဿနာများကို တွေ့ရှိနေကြရသည်။ သဘာဝပတ်ဝန်းကျင် မထိခိုက်စေရေးအတွက် နိုင်ငံတော်က ဥပဒေ၊ နည်းဥပဒေများ စနစ်တကျရေးဆွဲပြီး ထိန်းသိမ်းဆောင်ရွက်ခဲ့သော်လည်း ဌာနတစ်ခုတည်း၏ လူအင်အား၊ ငွေကြေးအင်အားသက်သက်ဖြင့် မလုံလောက်ကြောင်း တွေ့ရှိနေရသည်။ ဆက်စပ်ပတ်သက်သည့် ဌာနများအနေဖြင့် သစ်တောသယံဇာတ အပါအဝင် သဘာဝသယံဇာတ အရင်းအမြစ်များကို ထုတ်လုပ်အသုံးချရာတွင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် ရည်ရွယ်လုပ်ဆောင်ကြရန် လိုအပ်လှသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ပေါ်ထွန်းလာပြီးနောက် မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၁ ခုနှစ် ဧပြီလတွင် သစ်တောရေးရာဝန်ကြီးဌာနက ဦးဆောင်ပြီး ဝန်ကြီးဌာန ၁၉ ခုမှ အဖွဲ့ဝင် ၂၁ဦး ပါဝင်သည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ အဆိုပါ ကော်မတီသည် မြေအသုံးချမှုကြောင့် ဖြစ်ပေါ်လာသော ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများ ဖြေရှင်းဆောင်ရွက်ရေး အထူးလုပ်ငန်းအဖွဲ့၊ မြစ်ချောင်းများ၊ ရေတိမ်ဒေသများ၌ ရင်ဆိုင်နေရသော ပတ်ဝန်းကျင်ယိုယွင်းမှုများကို ဖြေရှင်းဆောင်ရွက်ရေး အထူးလုပ်ငန်းအဖွဲ့၊ စက်မှုစီမံကိန်းများ၊ စက်ရုံကြီးများ၊ မြို့ပြရပ်ရွာဆိုင်ရာ ပတ်ဝန်းကျင်ကိစ္စရပ်များဆောင်ရွက်ရေး အထူးလုပ်ငန်းအဖွဲ့၊ ပတ်ဝန်းကျင်ရေးရာမူဝါဒဥပဒေလုပ်ထုံးလုပ်နည်းဆိုင်ရာ အထူးလုပ်ငန်းအဖွဲ့နှင့် ပတ်ဝန်းကျင်ဆိုင်ရာပညာပေးရေးနှင့် အသိပညာပြန့်ပွားရေး အထူးလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းကာ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို ကျယ်ကျယ်ပြန့်ပြန့် ညှိနှိုင်းဖြေရှင်းသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ပတ်ဝန်းကျင်ဆိုင်ရာ လုပ်ငန်းစဉ်များမှာ နက်နဲကျယ်ဝန်းလှသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို လက်တွေ့ဆောင်ရွက်နေကြသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် အောက်ခြေလူထုလူတန်းစားများနှင့် တိုက်ရိုက်ထိတွေ့မှုများပြီး လူထုလိုအပ်ချက်များကို သိရှိဖော်ထုတ်နိုင်ကြသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီအနေဖြင့် အဆိုပါအဖွဲ့များထံမှ လက်တွေ့ကျသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အတွေ့အကြုံ၊ အကြံဉာဏ်များကိုရယူပြီး ထိထိရောက်ရောက် ဆောင်ရွက်သွားရန် အစပျိုးထားပြီးဖြစ်သည်။

ကောင်းမွန်သော သဘာဝပတ်ဝန်းကျင်မှ မိမိတို့ ကာလရှည်ကြာ ရရှိခံစားနေကြသည့် သစ်တောသယံဇာတ အရင်းအမြစ်များနှင့် ဝန်ဆောင်မှုများကို ယိုယွင်းအောင် မိမိတို့ လုပ်ဆောင်နေကြောင်း တစ်စတစ်စ သိမြင်လာသည့်အချိန်မှာပင် ယိုယွင်းမှုအရှိန်အဟုန်ကို တားဆီးရန် အလွန်ခက်ခဲသောအခြေအနေသို့ ရောက်ရှိနေပြီဖြစ်ကြောင်း ဇွန်လ ၅ ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့ပတ်ဝန်းကျင်နေ့တွင် ရှုမြင် ဆင်ခြင်နိုင်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို မိမိတို့ ကျရာကဏ္ဍမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုက်ရပါသည်။ ။

၂၀၁၁ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့

ဇွန်လ ၅ ရက်။

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

➤ မိုးမြင့်လင်းလက် – စုစည်းသည် ➤

လိပ်နှင့်မိကျောင်းများထည့်ထားသည့်အိတ် ဗန်ကောက်လေဆိပ်၌ အကောက်ခွန်အရာရှိများတွေ့ရှိ

ဗန်ကောက် ဇွန် ၃

ထိုင်းနိုင်ငံ ဗန်ကောက်လေဆိပ်၌ လိပ်များနှင့်အခြားရှားပါးသည့် တွားသွားသတ္တဝါ ၄၃၁ ကောင် ပြွတ်သိပ်ထည့်ထားသည့် ခရီးဆောင်အိတ်ကြီးတစ်လုံးကို အကောက်ခွန်အရာရှိများက တွေ့ရှိခဲ့ကြောင်း ဇွန် ၃ ရက်က အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြထားသည်။

တွေ့ရှိခဲ့

အဆိုပါခရီးဆောင်အိတ်ကြီးအတွင်း လက်ဆွဲသေတ္တာငယ်လေးလုံးဖြင့် ရှားပါးအိန္ဒိယလိပ်များနှင့်မိကျောင်းပေါက်များကို သီးခြားစီခွဲခြားကာ ထည့်ထားခြင်းဖြစ်ကြောင်း၊ ၄င်းအိတ်ကြီးကို ဇွန် ၂ ရက်က အဆိုပါလေဆိပ်၌ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ **(အပေါ်ယာပုံ)**

များပြားလှသည့် တွားသွားသတ္တဝါများကို နိုင်ငံတကာသို့ကုန်သွယ်ခြင်းမှ ပိတ်ပင်တားမြစ်ထားကြောင်း၊ ၄င်းသတ္တဝါများကို အိန္ဒိယခရီးသည်တစ်ဦးက ခရီးဆောင်အိတ်ကြီးအတွင်းမှ ပြန်ထုတ်ယူရန် ကြိုးစားနေစဉ် အကောက်ခွန်အရာရှိများက တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ထိုင်းအကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပရာဆွန်ပွန်းတာနိတ်က ပြောကြားသည်။ **(အင်တာနက်)**

ဗြိတိန်ရေနံချက်စက်ရုံပေါက်ကွဲမီးလောင်၊ နှစ်ဦးသေဆုံး

လန်ဒန် ဇွန် ၃

ဗြိတိန်နိုင်ငံအနောက်တောင်ပိုင်းရှိ ချီဗ်ရွန်ရေနံချက်စက်ရုံ၌ ဇွန် ၂ ရက်က ပေါက်ကွဲမီးလောင်မှုဖြစ်ပွားရာ နှစ်ဦး သေဆုံးခဲ့ကြောင်း ပြည်တွင်းမီဒီယာများက ဇွန် ၃ ရက်၌ ဖော်ပြသည်။

မီးငြိမ်းသတ်

အဆိုပါ ရေနံချက်စက်ရုံမှာ ဝေလပြည်နယ် ပွမ်ဘရိုကီမြို့အနီး၌ တည်ရှိပြီး ဇွန် ၂ရက် ဒေသစံတော်ချိန် ၁၈နာရီ မိနစ် ၂၀ ခန့်က ပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ပေါက်ကွဲမီးလောင်မှုဖြစ်ပွားရာ ရေနံချက်စက်ရုံသို့ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မီးသတ်ယာဉ်များ ရောက်ရှိလာပြီး တစ်နာရီ မိနစ် ၃၀ ခန့်ကြာအောင် မီးငြိမ်းသတ်ခဲ့ရသည်။ (ဝဲပုံ)

စက်ရုံပေါက်ကွဲမီးလောင်မှုနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးလျက်ရှိသည်။ ယင်းရေနံချက်စက်ရုံသည် တစ်နေ့လျှင်ရေနံစိမ်း စည်ပေါင်း ၂၂၀၀၀၀ကို သန့်စင်ချက်လုပ်ပေးနိုင်ပြီး အခြားရေနံထွက်ပစ္စည်းများကိုလည်း ထုတ်လုပ်ပေးနေသော စက်ရုံဖြစ်သည်။ **(အင်တာနက်)**

တူနီးရှားကမ်းလွန်၌ သင်္ဘောနစ်မြုပ် လူ ၂၇၀ ကျော်ပျောက်ဆုံး

တူးနစ် ဇွန် ၃

အီတလီနိုင်ငံသို့ ဦးတည်မောင်းနှင်လာသော သင်္ဘောတစ်စင်း တူနီးရှားကမ်းလွန်၌ ဇွန် ၂ ရက်က တိမ်းမှောက်နစ်မြုပ်ခဲ့ရာ လူ ၂၇၀ ကျော် ပျောက်ဆုံးလျက်ရှိကြောင်း တူနီးရှားအရာရှိများက ဇွန် ၃ ရက်၌ ပြောကြားသည်။

ကယ်ဆယ်နိုင်

အဆိုပါ သင်္ဘောပေါ်တွင် အီတလီနိုင်ငံသို့ တရားမဝင် ဝင်ရောက်မည့် လူ ၅၇၀ ခန့် တင်ဆောင်ထားရာ တူနီးရှားနိုင်ငံ ကာကင်နက်ကျွန်းစုအနီးတွင် တိမ်းမှောက်နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။ သင်္ဘောနစ်မြုပ်ရာသို့ ကယ်ဆယ်ရေးရေယာဉ်များ သွားရောက်ကယ်ဆယ်ခဲ့သဖြင့် လူ ၂၀၀ ခန့်အား ကယ်တင်နိုင်ခဲ့သည်။

နစ်မြုပ်ခဲ့

ယင်းတို့အနက် ဒဏ်ရာရရှိသူအချို့ကို တူနီးရှားနိုင်ငံတောင်ပိုင်းရှိ ဆေးရုံသို့တင်ပို့ပေးထားပြီး ကျန်လူများကို ချီချာမြို့ရှိ ကယ်ဆယ်ရေးစခန်းသို့ ပို့ဆောင်ပေးထားသည်။ ၄င်းသင်္ဘောမှာ သတ်မှတ်ထားသည့်ဦးရေထက် ပိုမိုတင်ဆောင်ထားခြင်းကြောင့် နစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း တူနီးရှားအရာရှိများက ပြောကြားသည်။

ပြောကြား

အီတလီနိုင်ငံသို့ တရားမဝင် ခိုးဝင်သူဦးရေသည် တစ်နှစ်လျှင် ၄၀၀၀၀ ခန့်ရှိကြောင်း အီတလီအရာရှိများက ပြောကြားသည်။ **(အင်တာနက်)**

မောင်မောင်မြင့်ဆွေ – ရေးသားသည်

ဟောလိဝုဒ်လူငယ်အမျိုးသမီး သရုပ်ဆောင်ဆုရ တီးဂါးဒင်း

လော့စ်အိန်ဂျလိစ် ဇွန် ၃

ဟောလိဝုဒ်၏ ၂၀၁၁ ခုနှစ်အတွက် အကောင်းဆုံးလူငယ်အမျိုးသမီးသရုပ်ဆောင်မင်းသမီးအဖြစ် ရွေးချယ်ခံရသူမှာ အီဖီးတီးဂါးဒင်းဖြစ်သည်။ အသက် ၂၀ အရွယ်ရှိ တီးဂါးဒင်း **(ယာပုံ)**သည် ဒစ္စနေရုပ်မြင်သံကြားလိုင်းမှ ထုတ်လွှင့်သည့် Hannah Montana ရုပ်မြင်သံကြားဇာတ်လမ်းတွဲ၌ အောင်မြင်မှုစတင်ရရှိခဲ့သူလည်း ဖြစ်သည်။

အားပေးခဲ့

ဟောလိဝုဒ်ရုပ်ရှင်မင်းသမီး တီးဂါးဒင်းသည် အသက် ၁၇ နှစ် အရွယ် ၂၀၀၆ ခုနှစ်က Friday Night Lights ရုပ်မြင်သံကြားဇာတ်လမ်းတွဲဖြင့် ပရိသတ်များ၏ တစ်ခဲနက်အားပေးမှုကို ရရှိခဲ့သူဖြစ်သည်။ အသက် ၁၄ နှစ်အရွယ်မှစတင်ကာ အနုပညာလောကသို့ ရောက်ရှိခဲ့ပြီး မော်ဒယ်အဖြစ် လုပ်ကိုင်ခဲ့သူဖြစ်သည်။ ၂၀၀၇ ခုနှစ်တွင် Miss Teen USA ဆု ရရှိခဲ့ပြီးနောက် အမ်တီဗွီဇာတ်လမ်းများ၊ ရုပ်မြင်သံကြားဇာတ်လမ်းတွဲများနှင့် ရုပ်ရှင်ကားများ ဆက်တိုက်သရုပ်ဆောင်ခဲ့သည်။ ရုပ်ရှင်ကားများကို ၂၀၀၄ ခုနှစ်မှစတင်ကာ Sailing for Madagascar ဇာတ်ကားတွင် စတင်ပါဝင်သရုပ်ဆောင်ခဲ့သည်။ တီးဂါးဒင်း၏ ပရိသတ်အကြိုက်ဆုံးရုပ်ရှင်ကားများမှာ For Sale by Owner၊ The Perfect Age of Rock 'n' Roll၊ Call of the Wild၊ Beautiful Wave၊ Scream 4 နှင့် Prom တို့ဖြစ်သည်။ ၂၀၁၁ ခုနှစ်၌ ရုံတင်ပြသလျက်ရှိသော ဇာတ်ကားများမှာ Scream 4 နှင့် Prom ဇာတ်ကားများဖြစ်ပြီး အဓိကခေါင်းဆောင်မင်းသမီးအဖြစ် ပါဝင်သရုပ်ဆောင်ထားသည်။ ။ **(အင်တာနက်)**

မင်းသား ကီတေးယောင်နှင့် မင်းသမီး ကင်ယိုးဂျင်တို့ချစ်ခရီး

ဆိုးလ် ဇွန် ၃

တောင်ကိုရီးယားရုပ်ရှင်မင်းသား ကီတေးယောင်နှင့် တောင်ကိုရီးယားရုပ်ရှင်မင်းသမီး ကင်ယိုးဂျင်တို့နှစ်ဦးသည် လာမည့်ဇူလိုင်လ၌ လက်ထပ်ကြတော့မည်ဖြစ်သည်။ (ဝဲပုံ)

အသက် ၃၃နှစ်အရွယ် ကီတေးယောင်နှင့် အသက် ၃၀ အရွယ် ကင်ယိုးဂျင်တို့သည် ၂၀၀၉ ခုနှစ်ကရိုက်ကူးခဲ့သော Creating Destiny အမည်ရှိ ကိုရီးယားဒရာမာဇာတ်ကား၌ အတူပါဝင်သရုပ်ဆောင်ရင်း သံယောဇဉ်တွယ်ခဲ့ကြခြင်းဖြစ်သည်။ ၄င်းတို့နှစ်ဦး၏လက်ထပ်ပွဲကို ဇူလိုင် ၂၃ ရက်၌ကျင်းပရန် သတ်မှတ်ထားပြီး လက်ထပ်ပွဲအစီအစဉ်များနှင့် ပတ်သက်၍ မီဒီယာတွေ့ဆုံပွဲတစ်ရပ် ကျင်းပသွားမည်ဖြစ်သည်။ **(အင်တာနက်)**

ဇွန် ၃ ရက် ကမ္ဘာ့ဈေးကွက်

စဉ်	ကုန်ပစ္စည်း	အရေအတွက်	ဈေးနှုန်း(အမေရိကန်ဒေါ်လာ)
၁။	ရေနံစိမ်း	တစ်စည်	၉၈ ဒသမ ၄၆
၂။	သဘာဝဓာတ်ငွေ့	တစ်ကုဗမီတာ	၄ ဒသမ ၇၅
၃။	ရွှေ	တစ်အောင်စ	၁၅၄၄ ဒသမ ၁၀
၄။	ငွေ	တစ်အောင်စ	၃၅ ဒသမ ၈၀
၅။	ကြေး	တစ်အောင်စ	၄ ဒသမ ၀၆

ဇွန် ၃ ရက် မြန်မာ့ရွှေဈေးကွက်

ရွှေ	တစ်ကျပ်သား(အခေါက်)	ကျပ် ၆၅၈၀၀၀
ရွှေ	၁၅ ပဲရည်	ကျပ် ၆၂၀၀၀၀
ရွှေ	၁၄ ပဲရည်	ကျပ် ၅၈၀၀၀၀

➤ ကောင်းမြတ်သူ – စုစည်းသည် ➤

ဖူလ်ဟမ်နည်းပြ မား(စ်)ဟု နုတ်ထွက်

လန်ဒန် ဇွန် ၃

ဖူလ်ဟမ်နည်းပြ မား(စ်)ဟု**(အောက်ပုံ)**သည် ၁၁ ရက်ကြာ တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် နည်းပြအဖြစ်မှ နုတ်ထွက်သွားပြီဖြစ်သည်။

ငြင်းဆိုထား

မား(စ်)ဟုအား နည်းပြနေရာလစ်လပ်နေသော အက်စ်တွန်ဗီလာအသင်းက ဆက်သွယ်ထားသည်။ အသက် ၄၇ နှစ်အရွယ်ရှိ မား(စ်)ဟုက အက်စ်တွန်ဗီလာနည်းပြလုပ်ရန် ငြင်းဆိုထားသည်။ **(အင်တာနက်)**

မိုက်ကယ်အိုဝင် မန်ယူနှင့်ထပ်မံစာချုပ်

လန်ဒန် ဇွန် ၃

တိုက်စစ်မှူး မိုက်ကယ်အိုဝင်အား မန်ယူက နောက်ထပ်စာချုပ်တစ်နှစ်ထပ်မံချုပ်ဆိုလိုက်သည်။

အသက် ၃၁ နှစ်အရွယ်ရှိ မိုက်ကယ်အိုဝင်သည် ၂၀၁၀-၂၀၁၁ ဘောလုံးရာသီတွင် ၁၇ ပွဲပါဝင်ကစားခဲ့ပြီး ငါးဂိုးသွင်းယူပေးနိုင်ခဲ့သည်။ မိုက်ကယ်အိုဝင်သည် ထိပ်တန်းတိုက်စစ်မှူးအဖြစ် ခြေစွမ်းပြနိုင်ဆဲဖြစ်ကြောင်း နည်းပြဖာဂူဆန်က မှတ်ချက်ပြုထားသည်။ **(အင်တာနက်)**

ပြင်သစ်အိုးပင်းတင်းနစ်ဖလား တရုတ်နှင့် အီတလီတင်းနစ်မယ် ဗိုလ်လုမည်

ပါရီ ဇွန် ၃

ပြင်သစ်နိုင်ငံ ပါရီမြို့ ရိုးလန်းဂါရို့စ် အားကစားကွင်း၌ မေ ၂၂ ရက်မှ ဇွန် ၅ ရက် အထိကျင်းပလျက်ရှိသည့် ပြင်သစ်အိုးပင်း တင်းနစ်ပြိုင်ပွဲတွင် တရုတ်တင်းနစ်မယ် လီနာနှင့် လက်ရှိချန်ပီယံ အီတလီတင်းနစ်မယ် ဖရန်ဆက်ကာချီယာဗွန်းတို့ ဇွန် ၅ ရက်တွင် ဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

တရုတ်တင်းနစ်မယ်လီနာ သည် အကြိုဗိုလ်လုပွဲတွင် ရုရှားတင်းနစ်မယ် ရှာရာပိုဗာအား ၆-၄၊ ၇-၅ ဖြင့်နိုင်ပြီး ဗိုလ်လုပွဲသို့ တက်လာခြင်းဖြစ်သည်။ လက်ရှိ ချန်ပီယံချီယာဗွန်း သည် ပြင်သစ်တင်းနစ်မယ် ဘာတိုလီအား ၆-၃၊ ၆-၃ ဖြင့်နိုင်ပြီး ဗိုလ်လုပွဲ တက်လာခြင်းဖြစ်သည်။ **(အင်တာနက်)**

ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား ဂျပန်နိုင်ငံသံအမတ်ကြီးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၃

အလုပ်သမား ဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Takashi SAITO နှင့်အဖွဲ့သည် ယမန်နေ့ မွန်းလွဲ ၂ နာရီ ၄၅မိနစ်တွင် နေပြည်တော်ရှိလူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံး မေခလာဧည့်ခန်းမသို့ လာရောက်တွေ့ဆုံ၍ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး ကိစ္စရပ်များနှင့် ဂျပန်-မြန်မာနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်နေမှုများကို အတွေ့အကြုံဖလှယ်ကြပြီး ဆက်လက် ပိုမိုအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များအား ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လာရောက်တွေ့ဆုံ

အလုပ်သမား ဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Takashi SAITOနှင့် အဖွဲ့ လာရောက်တွေ့ဆုံစဉ်။(သတင်းစဉ်)

ပုဂံရှေးဟောင်းဘုရားပုထိုးများ ပြုပြင်ထိန်းသိမ်းရန်နှင့် ဘုရားကုန်းဟောင်းများအား ပြန်လည်တူးဖော်ထိန်းသိမ်းရန် လှူဒါန်းနိုင်

ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးကြပ်၍ ပုဂံဒေသရှိ ပြိုပျက်လျက်ရှိသော ရှေးဟောင်းစေတီပုထိုးများအား ရှေးမူလက်ရာမပျက် ပြန်လည်ပြုပြင် မွမ်းမံလျက်ရှိပါသည်။

ဘုရားစေတီတစ်ဆူချင်းပြုပြင်ရန် (၁၂၃)ဆူကျန်ရှိပြီး တစ်ဦးချင်းဖြစ်စေ၊ စုပေါင်းလှူဒါန်းမှုဖြင့်ဖြစ်စေ စေတနာရှင်များက လှူဒါန်းလျက်ရှိသည့်နည်းတူ နဝကမ္မအလှူငွေများကိုလည်းလက်ခံ၍ စုပေါင်းအလှူငွေဖြင့် ပြုပြင်ပေးလျက်ရှိပါသည်။

ပုဂံဒေသရှိ အချို့ဘုရားပုထိုးများမှာ ယိုယွင်းပြိုကျမြေခပျက်စီးခဲ့ရာ မြေကုန်းကြီးများသဖွယ် တည်ရှိနေသည့် အုတ်ကုန်းပေါင်း (၈၉၂)ကုန်းကိုလည်း ပြန်လည်တူးဖော်ပြီး ပုဂံဘုရားများပုံစံအတိုင်း ရှေးမူမပျက် ပြုပြင်တည်ထားလျက်ရှိပါသည်။

သို့ပါ၍ ပြိုပျက်လျက်ရှိသော ရှေးဟောင်းစေတီပုထိုးများ ပြုပြင်ရန်အတွက်လည်းကောင်း၊ ဘုရားကုန်းဟောင်းများ တူးဖော်ပြုပြင်ထိန်းသိမ်းရန်အတွက်လည်းကောင်း ပါဝင်လှူဒါန်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

လှူဒါန်းနိုင်သည့် နေရာဌာနများ

၁။ ယဉ်ကျေးမှုဝန်ကြီးဌာန
ရုံးအမှတ်(၃၅)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၂၁၄

၂။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန
ရုံးအမှတ်(၃၅)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၀၄၀၊ ၄၀၈၀၂၇

၃။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ ရန်ကုန်ဌာနခွဲ
၃၂-ဒီ၊ ခြောက်မိုင်ခွဲ၊ ပြည်လမ်း၊ ရန်ကုန်မြို့
ဖုန်း-၀၁-၅၁၅၀၅၄၊ ၅၁၂၁၃၇

၄။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ၊ ပုဂံမြို့
ဖုန်း-၀၆၁-၆၀၂၆၉

၅။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ မန္တလေးဌာနခွဲ
မန္တလေးမြို့
ဖုန်း-၀၂-၇၆၁၅၂

ကြည့်မြင်တိုင်မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ကျင်းပ

ရန်ကုန် ဇွန် ၃

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို အထက(၁)မြတ်ဝတ်ရည်ခန်းမ၌ မေ ၃၀ ရက် နံနက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ရဲသွေးက အမှာစကားပြောကြားပြီး အလှူရှင်များက တန်ဖိုးငွေကျပ် ၂၂၅၀၀၀၀ရှိ အလှူငွေ၊ ကျောင်းသုံးစာရေးကိရိယာ၊ ကျောင်းဝတ်စုံများကို ပေးအပ်လှူဒါန်းသဖြင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်နှင့် တာဝန်ရှိသူများက လက်ခံယူကြသည်။

ထောက်ပံ့ပေးအပ်

ထို့နောက် မြို့နယ်အတွင်းရှိ ၁၈ ရပ်ကွက်မှ ကျောင်းနေရန် အခက်အခဲရှိသော ကျောင်းသားကျောင်းသူများအား ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူတစ်ဦးချင်းစီသို့ ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်းသိရှိရသည်။ **(အောက်ပုံ)** (၀၄၂)

လယ်ယာကုန်ထုတ်အသင်းစုများအား ဟင်္သာတမြို့နယ်၌ မျိုးစေ့ပေးအပ်

ဟင်္သာတ ဇွန် ၃

ဟင်္သာတမြို့နယ်တွင် ၂၀၁၁-၂၀၁၂ ခုနှစ် မိုးစပါးရာသီမှစတင်၍ ဖွဲ့စည်းခဲ့သောရွှေပြည်တန်နှင့် ရတနာတိုး လယ်ယာကုန်ထုတ် အသင်းစုများအတွက်လိုအပ်သည့်မျိုးကောင်းမျိုးသန့်စပါးမျိုးပေးအပ်ပွဲကို မေ ၃၀ရက်က အင်းခဝယ်ကျေးရွာအုပ်စု စိုက်ပျိုးရေးပညာပေးစခန်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ဟင်္သာတခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှဖေက အမှာစကား ပြောကြားပြီးနောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်နိုင် **(အပေါ်ပုံ)**နှင့် ဟင်္သာတမြို့နယ်ဆန်စပါးကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးအောင်မျိုးသန့်တို့က မျိုးစပါးများ ပေးအပ်ကြသည်။ ဆက်လက်၍ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးငွေလွင်က စနစ်တကျပျိုးထောင်နည်းကို တောင်သူများအား လက်တွေ့သရုပ်ပြခဲ့ကြောင်း သိရှိရသည်။ (၀၇၆)

မြန်မာ့အလင်း မှုခင်းသတင်း

မင်္ဂလာဆောင်အိမ်က ကာရာအိုကေမိုက်ကိုင်မိသူ ဖျာပုံမြို့၌ ဓာတ်လိုက်သေဆုံး

ဖျာပုံ ဇွန် ၃

ဖျာပုံမြို့ (၁၆)ရပ်ကွက် ပဒုမ္မာလမ်း အမှတ်(၂၂၃)နေ ဦးမောင်မောင်ဦး(၄၄)နှစ်သည် မင်္ဂလာပွဲကျင်းပရာ ဖျာပုံမြို့ (၁၆)ရပ်ကွက် စမ်းသီတာ (၂)လမ်းနေ ဒေါ်နွဲ့၏ နေအိမ်တွင်ကာရာအိုကေစက်နှင့်တွဲ၍ တပ်ဆင်ထားသော ကြိုးတန်းလန်းနှင့်မိုက်အားကိုင်လိုက်စဉ်ဓာတ်လိုက်သေဆုံးမှုတစ်ရပ် ဖြစ်ပွားခဲ့သည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ဦးမောင်မောင်ဦး သေဆုံးမှုအပေါ် စုံစမ်းစစ်ဆေးနိုင်ရန် သေမှုသေခင်း အမှတ် ၁၃/၂၀၁၁ဖြင့် စုံစမ်းစစ်ဆေးပြီး ဖျာပုံတရားရုံးသို့ မေ ၁၉ ရက်က တင်ပို့လိုက်ကြောင်း သိရသည်။

သေဆုံး

ဖြစ်ပွားပုံမှာ ဖျာပုံမြို့(၁၆) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းလတ်၏ ဖုန်းဖြင့်အကြောင်းကြားချက်အရ ဒေါ်နွဲ့၏နေအိမ်တွင် လူတစ်ဦး ဓာတ်လိုက်သေဆုံးကြောင်း သိရှိရသောကြောင့်အခင်းဖြစ်နေအိမ်သို့ဖျာပုံရဲစခန်းမှ ဒုတိယရဲအုပ်အောင်ထွန်းနှင့်အဖွဲ့သည် ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ နယ်မြေမှူးတို့နှင့်အတူ သွားရောက် စစ်ဆေးကြည့်ရှုရာ ဧပြီ ၂၆ ရက် ည ၁၁ နာရီခွဲခန့်တွင် ဒေါ်နွဲ့နေအိမ်၌ မင်္ဂလာပွဲကျင်းပရန်အတွက် ကာရာအိုကေစက် အငှားလိုက်သူ ဦးမောင်မောင်ဦးသည် မိုက်အသံကောင်း မကောင်းစမ်းရန် နေအိမ်ပေါ်မှအိမ်ရှေ့မဏ္ဍပ်သို့ ဖိနပ်မစီးဘဲ မြေကြီးပေါ်မှ လမ်းလျှောက်သွားပြီး ကာရာအိုကေစက်နှင့်တွဲ၍ တပ်ဆင်ထားသော ကြိုးတန်းလန်းနှင့် မိုက်အား ကိုင်လိုက်စဉ် ''ဓာတ်လိုက်တယ်''ဟုအော်ပြီး လဲကျသတိလစ်သွားကာ သေဆုံးသွားကြောင်း သိရှိရသည်။

(၁၃၂)

မြန်မာ့အလင်း စာတည်းထံပေးစာများ

ကျူးကျော်ဆိုင်များ ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

မြောက်ဥက္ကလာပမြို့နယ်(ချ)ရပ်ကွက် ခေမာသီလမ်းနှင့် ဘုမ္မာ(၆)လမ်း လမ်းသွယ် လမ်းထိပ်တွင် ဖွင့်လှစ်ရောင်းချနေသော ကျူးကျော်ဆိုင်များကြောင့် လမ်းပိတ်ဆို့နေပြီး ၄င်းဆိုင်များမှ ညှော်နံ့များသည် ပတ်ဝန်းကျင်နေထိုင်သူများကို ကျန်းမာရေးထိခိုက်စေပါသဖြင့် သက်ဆိုင်ရာမှ အဆိုပါကျူးကျော်ဆိုင်များအား ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ခေမာသီလမ်းသား

မီးသွေးမှုန်များကြောင့် ကျန်းမာရေးထိခိုက်ရ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၅)ရပ်ကွက် ရန်ရှင်းလမ်းတိုက် (၃၆၈)ဘေးရှိ မီးသွေးဆိုင်မှ ဆန်ကာချ၊ ရွေးချယ်အိတ်သွပ်ခြင်းလုပ်ငန်းကြောင့် မီးသွေးမှုန်များပျံ့လွင့်လျက်ရှိရာ ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေး ထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ရန်ကင်းသား

ခွေးလေခွေးလွင့်များ ရှင်းလင်းပေးစေလို

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်းအတွင်း ခွေးလေခွေးလွင့်များ လွန်စွာများပြားပြီး လမ်းသွားလမ်းလာနှင့် ပတ်ဝန်းကျင်နေထိုင်သူများအား အန္တရာယ်ပြုနေပါသဖြင့် သက်ဆိုင်ရာမှ ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။ **ရပ်ကွက်သူ၊ ရပ်ကွက်သားများ**

တောမဈေးအနီးရှိ အမှိုက်ပုံရှင်းလင်းပြီးဖြစ်

၂၂-၅-၂၀၁၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာတည်းထံပေးစာပါ **မိတ္ထီလာမြို့ တောမဈေးအနီးရှိ အမှိုက်ပုံအားရှင်းလင်း ပေးပါ** ပေးစာနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

ဝက်ခြံမှ အနံ့ဆိုး ရှင်းလင်းဆောင်ရွက်ပြီး

၁၆-၅-၂၀၁၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာတည်းထံပေးစာပါ **မုံရွာမြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးဘေး အေးသာယာရပ်ကွက် အမှတ်(၄)လမ်းဘေးရှိ အိမ်တစ်အိမ်မှ ဝက်မွေးမြူခြင်းအား ရှင်းလင်းပေးပါ** ပေးစာနှင့်ပတ်သက်၍ ရှင်းလင်းပြီးဖြစ်ကြောင်း တင်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

ထိမ်းမြားမင်္ဂလာညည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အလယ်ရွှေဂုံတိုင်၊ အမှတ် ၂၁၂/ဘီနေ
ဦးသတိုးဦး-ဒေါ်မြမြအေး (Diamond Queen Gems & Jewellery) တို့၏သားကြီး

မောင်ကြည်ဇင်သန့်(ခ)လုံးလုံး

Director (Diamond Angels Co., Ltd.)
B.A (Econ), Higher Diploma in Hotel & Tourism Management,
Taylor's University (Malaysia)

နှင့်

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ သစ်ရာပင်လမ်းသွယ်(၃)၊ အမှတ် ၁၂၄-A နေ
ဒုတိယဗိုလ်မှူးကြီးတင်မောင်အောင်(ငြိမ်း) - ဒေါ်ခင်မြမြပြုံးတို့၏သမီးလတ်

မဝင့်ဝါဝါအောင်(ခ)ဂူးဂူး

Director (Diamond Angels Co.,Ltd.)
B.A (English), Higher Diploma in Hotel & Tourism Management,
Taylor's University (Malaysia)
Diploma in Gems Identification (Yangon University)

တို့၏ ၂၁-၅-၂၀၁၁ရက်(စနေနေ့)တွင် Sedona Hotel (Grand Ballroom) ၌ ကျင်းပခဲ့သော မင်္ဂလာညည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ကုံး ဆင်မြန်းချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းချီးမြှင့်ပေးပါသော ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်နှင့်ဇနီး ဒေါ်ခင်အေးနွယ်၊ မင်္ဂလာပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စီးပွားရေးဆိုင်ရာ လုပ်ငန်းရှင်ကြီးများ၊ နှစ်ဖက်သော ကျေးဇူးရှင်မိဘများ၊ မင်္ဂလာညည့်ခံပွဲအခမ်းအနားသို့ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပါသော ဌာနဆိုင်ရာ ဂုဏ်သရေရှိအကြီးအကဲများနှင့် လူကြီးမင်းများ၊ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲ အခမ်းအနား၌ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ဒေါ်စန်းစန်းဝင်း တွဲဖက်မြို့နယ်တရားသူကြီး (စမ်းချောင်းမြို့နယ်တရားရုံး)၊ အသိသက်သေများအဖြစ် ရေးထိုးပေးပါသော နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်မြမြအုံး၊ အင်ဂျင်နီယာမှူး ဦးသတိုးငယ်နှင့် ဇနီး ဒုတိယဗိုလ်မှူးကြီး ဒေါ်ခင်ဥမ္မာကြိုင်၊ မင်္ဂလာပန်းကိုင်ဆောင်ပေးပါသော မအိမ့်အာရဏ်ဦး၊ မင်္ဂလာပန်းကြဲပေးသော တေးသံရှင် ရေဗက္ကာဝင်း၊ မင်္ဂလာအောင်စံပယ်ကုံး ကိုင်ဆောင်ပေးသော မဆုမွန်နှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော မလင်းလက်လက်အောင်၊ သတို့သားအရံ မောင်ထက်မောင်မောင်အောင်၊ မောင်ဟန်မျိုးကြိုင်နှင့် သတို့သမီးအရံ မဝင်းလဲ့ရည်မွန် (NO) နှင့် မခိုင်မျိုးမြတ်၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးသီဆိုပေးပါသော တေးသံရှင် စိမ်းမို့မို့နှင့် မင်္ဂလာတေးသံသာများဖြင့်ဖျော်ဖြေပေးပါသော The Aces တေးဂီတအဖွဲ့၊ ထူးခြားဆန်းသစ်စေသည့် ပန်းအလှဆင်ပေးပါသော ပန်းလင်းလင်းနှင့်အဖွဲ့၊ စိတ်တိုင်းကျ မိတ်ကပ်နှင့်ဆံပင် ပြင်ဆင်ပေးပါသော ဒီဇင်ဘာနှင်းနှင့်အဖွဲ့၊ မိတ်ကပ်လင်းလင်း (အောင်အောင်တောင်ကြီး)နှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံကို ဒီဇိုင်းသစ်ဖန်တီးပေးပါသော မဇူဇူ (Zu Zu Collection)၊ မင်္ဂလာလက်ဝတ်ရတနာ ဒီဇိုင်းအဆန်းများကို ဖန်တီးပြုလုပ်ပေးပါသော Diamond Queen Gems & Jewellery မှ အသိပညာရှင် အတတ်ပညာရှင်နှင့် ဝန်ထမ်းများ၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ပေးပါသော 7 Picture မှ တာဝန်ရှိသူများ၊ မင်္ဂလာဖိတ်စာများကို စိတ်တိုင်းကျ စီစဉ်ဆောင်ရွက်ပေးပါသော ဒဂုန်ပုံနှိပ်တိုက်၊ Pre wedding Photo ရိုက်ကူးပေးပါသော Memory နှင့် Malaysia နိုင်ငံမှ Palais De Love Photo Studio ၊ Sedona Hotel မှ မလီလီနှင့်ဝန်ထမ်းများ၊ မင်္ဂလာပွဲအတွက် အစမှအဆုံးတိုင်အောင် စီစဉ်ဆောင်ရွက်ပေးပါသော Marvelous Wedding Planner and Fabric Fashion ၊ မင်္ဂလာအခမ်းအနားတစ်ရပ်လုံး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးပါသော ကျေးဇူးတင်ထိုက်သူများအားလုံးနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလုံးကို လှိုက်လှဲစွာ အထူးကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ကြည်ဇင်သန့်-မဝင့်ဝါဝါအောင်။



သစ်တောနှင့်
သစ်ပင်
ချစ်ခင်တဲ့
လူမျိုး
သစ်ပင်ကို
နှစ်ခြင်စိုက်
ရှေ့တိုက်ကိုစိုး

မြန်မာ့အလင်း ပြည်တွင်းအားကစား ပြည်တွင်းအားကစား

ရတနာပုံဘောလုံးအကယ်ဒမီ၏ ထိုင်းခြေစမ်းခရီးစဉ်

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် သွားရောက်ကစားခဲ့သည့် ရတနာပုံဘောလုံးအကယ်ဒမီ၏ ခြေစမ်းခရီးစဉ်နှင့်ပတ်သက်သည့် စာနယ်ဇင်းရှင်းလင်းပွဲကို မေ ၃၁ ရက်က မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၌ ကျင်းပသည်။

သုံးဂိုးစီသရေကျကာ ဗန်ကောက်ဂလက်စ်နှင့်ပွဲတွင် ယူ-၁၄ အသင်းရော ယူ-၁၆အသင်း ပါ ရှုံးနိမ့်ခဲ့သည်။ ဗန်ကောက် ခရစ်ယာန်ကျောင်းနှင့် ပွဲတွင် ယူ-၁၄အသင်းက တစ်ဂိုးစီ သရေ၊ ယူ-၁၆အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်၊ အာဆင် **ကြောင့် မျိုးဆက်သစ်လူငယ်ကစားသမားများအတွက် များစွာအကျိုးရှိစေပါကြောင်း၊ မြောင်တောင်ယူနိုက်တက်၊ ဗန်ကောက်ဂလက်စ်၊ အာဆင်နယ် အကယ်ဒမီနှင့် ဗန်ကောက်ခရစ်ယာန်ကျောင်းတို့နှင့် ခြေစစ်ပွဲရှစ်ပွဲယှဉ်ပြိုင် ကစားစေခဲ့ကြောင်း၊**

သတင်းမှတ်စုနှင့် ဓာတ်ပုံ
ဖိုးသော်ဇင်

အကူပြုနိုင်ရန်အတွက် ရတနာပုံအသင်းပိုင်ရှင် ဒေါက်တာစိုင်းဆမ်ထွန်းက ရတနာပုံ ဘောလုံးအကယ်ဒမီကို ငွေကြေးများစွာ အကုန်အကျခံ၍ ၂၀၁၀ ခုနှစ် မတ်လတွင် တည်ထောင်ခဲ့ပြီး မန္တလေးမြို့တွင် အခြေစိုက်ထားသော်လည်း မြန်မာနိုင်ငံ အနှံ့အပြားမှ အသက် (၁၂)နှစ်မှ (၁၆)နှစ်ကြားရှိ ရွက်ပုန်းသီး ကစားသမားများကို စုစည်းရွေးချယ်ထားခြင်း ဖြစ်သည်။

အဆိုပါ ဘောလုံးအသင်းသည် ပြည်ပ၌ သွားရောက်လေ့ကျင့်ခြေစမ်းသည့်ပထမဆုံး မြန်မာ့ဘောလုံးအကယ်ဒမီ ဖြစ်ပါကြောင်း။ ။ (မြန်မာ့အလင်း)

ရတနာပုံဘောလုံး အကယ်ဒမီအသင်းအား ဗန်ကောက်ဂလက်စ် ဘောလုံးအကယ်ဒမီအသင်း နှင့် ခြေစမ်းပွဲမကစားမီ တွေ့ရစဉ်။

ရတနာပုံ ဘောလုံးအကယ်ဒမီအသင်းသည် မေ ၁၆ရက်မှ ၃၀ ရက်အထိ ထိုင်းနိုင်ငံတွင် ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ခဲ့ပြီး ခြေစမ်းပွဲရှစ်ပွဲ ယှဉ်ပြိုင်ကစားခဲ့ရာ လေးပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးခဲ့သည်။ မြောင်တောင် ယူနိုက်တက် အကယ်ဒမီနှင့်ပွဲတွင် ယူ-၁၄ အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပြီး ယူ-၁၆ အသင်းက နယ် အကယ်ဒမီကျောင်းနှင့် ပွဲတွင် ယူ-၁၄ အသင်းက လေးဂိုး-ဂိုးမရှိ၊ ယူ-၁၆ အသင်းက လေးဂိုး - တစ်ဂိုးတို့ဖြင့် အသီးသီးအနိုင်ရရှိခဲ့သည်။

ရတနာပုံအကယ်ဒမီနည်းပြ လီယိုနာဒိုနီမားက **"ယခုခြေစမ်းခရီးစဉ် စီစဉ်ပေးခဲ့သည့် အသင်းပိုင်ရှင် ဒေါက်တာစိုင်းဆမ်ထွန်းကို အထူးကျေးဇူးတင်ပါကြောင်း၊ ယခုကဲ့သို့ ပူးတွဲလေ့ကျင့်ပြီး ခြေစမ်းပွဲများ ကစားခဲ့ရခြင်း အာဆင်နယ်ကျောင်းအသင်းတွင်လည်း အိန္ဒိယ၊ ဂျပန်၊ ကိုရီးယား အပြင် ဥရောပစသည့်နိုင်ငံပေါင်းစုံမှကလေးများပါဝင်ကြောင်း၊ ယခုလေ့ကျင့်ပေးနေသည့် အယောက် ၃၀ ထဲမှ နောက်သုံးနှစ်တွင် ခြောက်ဦးလောက်က ပရိုကစားသမားများဖြစ်လာမည်ဟု ယုံကြည်ကြောင်း၊ ရတနာပုံလို ဘောလုံးအကယ်ဒမီများများ ပေါ်လာရင် မြန်မာ့ ဘောလုံးလောက အောင်မြင်လာမည်ဟု ယုံကြည်ကြောင်း"** ပြောကြားခဲ့သည်။

မြန်မာ့ ဘောလုံးလောက ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်

nexus
ENGLISH LANGUAGE LEARNING CENTRE
English for Young Learners (Weekend Classes)
Qualified Native Speaker Teachers
Commencing 11th June
Enroll now!
အမှတ်(၈)၊ ပန်းခြံတာဝါ၊ ဓမ္မစေတီလမ်း၊ မြေနီကုန်း
ဖုန်း - ၅၃၉၅၅၀၁၊ ၅၃၉၅၅၀၂။

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည့် အာရှမြားပစ်အဖွဲ့ချုပ်ဒိုင်လူကြီးများ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ရန် ဒေါ်ကေသီ (ဦးစီးအရာရှိ၊ အားကစားနှင့် ကာယပညာဦးစီးဌာန) ဦးဆောင်သော မြန်မာ မြားပစ်ဒိုင်လူကြီးလေးဦးတို့ ဇွန် ၂ ရက်က ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံသို့ မထွက်ခွာမီ တွေ့ရစဉ်။ (မြန်မာ့အလင်း)

4-6 (12).pmd 1 6/4/2011, 1:45 AM

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများ ထုတ်ပြန်ကြေညာ

နေပြည်တော် ဇွန် ၃

၂၀၁၁ ခုနှစ် မတ်လအတွင်း ကျင်းပစစ်ဆေးခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ယနေ့ (ဇွန်-၄ ရက်၊ စနေနေ့) နံနက် ၆ နာရီတွင် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါအောင်စာရင်းများကို သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့နယ်အသီးသီးရှိ သက်ဆိုင်ရာစာစစ်ဌာနကျောင်းများ၌ တစ်ချိန်တည်း ကပ်ထားကြေညာထားသည်။

အောင်စာရင်းများကပ်ထား

ထို့အပြင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ရန်ကင်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ကမာရွတ်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၊ လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် သဃ်န်းကျွန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတို့တွင်လည်း ရန်ကုန်တိုင်းဒေသကြီးမှအပ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ အောင်စာရင်းများကို ကပ်ထားပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများ မြန်မာ့အသံမှ ထုတ်လွှင့်ကြေညာမည်

နေပြည်တော် ဇွန် ၃

၂၀၁၁ ခုနှစ် မတ်လအတွင်းက ကျင်းပစစ်ဆေးခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများအနက် လမ်းပန်းဆက်သွယ်ရေးခက်ခဲသော တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စာစစ်ဌာနများမှ အောင်မြင်ကြသူများ၏ အောင်စာရင်းကို နေပြည်တော်မြန်မာ့အသံမှ ဇွန် ၄ ရက် (စနေနေ့) နံနက် ၈ နာရီမှစ၍ နေပြည်တော် မြန်မာ့အသံရေဒီယို (လှိုင်းတို-၅၀ ဒသမ ၇၁မီတာ၊ ၅၉၁၅ ကီလိုဟတ်ဇ်၊ လှိုင်းတို-၅၀ ဒသမ ၁၂မီတာ၊ ၅၉၈၅ ကီလိုဟတ်ဇ်) (လှိုင်းလတ်-၄၁၁ ဒသမ ၅၂ မီတာ၊ ၇၂၉ ကီလိုဟတ်ဇ်) တို့မှ အသံလွှင့်ကြေညာပေးမည်ဖြစ်သည်။

ကချင်ပြည်နယ်ရှိ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော တနိုင်း၊ မချမ်းဘော၊ ပူတာအို၊ နောင်မွန်း၊ ဖားကန့်၊ ကာမိုင်း၊ ဆွမ်ပရာဘွမ်၊ ချီဖွေနှင့် ရှင်ဗွေယန်စာစစ်ဌာနများ၊ ကရင်ပြည်နယ်ရှိ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ဖာပွန်၊ ကြာအင်းဆိပ်ကြီးနှင့် ကမမောင်း စာစစ်ဌာနများ၊ ချင်းပြည်နယ်ရှိ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ကန်ပက်လက်၊ မတူပီ၊ ရေဇွာ၊ လိုင်လင်းပီ၊ မင်းတပ်နှင့် ပလက်ဝ စာစစ်ဌာနများ၊ ရခိုင်ပြည်နယ်ရှိ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ဂွ၊ ကျိန္တလီ၊ ဇရပ်ကုန်းခင်နှင့် မာန်အောင်စာစစ်ဌာနများ၊ ရှမ်းပြည်နယ်ရှိ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော မိုးမိတ်၊ နမ့်ဆန် (မြောက်)၊ မိုင်းဆတ်၊ မိုင်းကိုင်၊ ကွမ်းလုံ၊ မိုင်းတုံ၊ မိုင်းပျဉ်း၊ မိုင်းယန်း၊ မောက်မယ်၊ မိုင်းယောင်း၊ ကျေးသီးမံစံ၊ မိုင်းနောင်၊ ကွန်ဟိန်း၊ ဟိုပန်၊ မိုင်းခတ်၊ မိုင်းပန်၊ မိုင်းဖြတ်၊ မဘိမ်း၊ ငါးအိုး၊ မိုင်းရှူး၊ တုန်ဟုန်း၊ မန်တုံနှင့် လောက်ကိုင်စာစစ်ဌာနများ၊ တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော ပုလော၊ ပလောက်၊ ပလနှင့် ဘုတ်ပြင်းစာစစ်ဌာနများ၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော *စာမျက်နှာ ၈ ကော်လံ ၅* ●

ကျန်းမာရေးသတင်းသုတ

[illegible]

မြင့်မောင်စိုး - ရေးသားသည်

နေပြည်တော် ဇွန် ၃

ကင်ဆာရောဂါဟာ အသံတိတ်လက်နက်လို့ ဆိုရလောက်အောင် ကြောက်စရာကောင်းတဲ့ ရောဂါတစ်မျိုးပါ။ ကင်ဆာရောဂါဖြစ်ပွားနေတဲ့ ဝေဒနာရှင်အများစုဟာ ဒီရောဂါဘယ်အချိန်က စတင်စွဲကပ်လာသလဲ ဆိုတာ ရုတ်တရက်မသိနိုင်ပါဘူး။ ရောဂါဝေဒနာဖိစီးလာလို့ မသက်သာတဲ့အခါ ဆရာဝန်ပြတဲ့အခါကျမှ ကင်ဆာဖြစ်နေပြီဆိုတာ သိရတာပါ။ ဒါကြောင့်လည်း ဒီရောဂါကို ဆရာဝန်တွေက အသံတိတ်လက်နက်လို့ ပြောကြတာပါ။

ယနေ့ကမ္ဘာပေါ်မှာ ကင်ဆာရောဂါဝေဒနာခံစားနေကြတဲ့ ရောဂါဝေဒနာရှင်တွေအတွက် *စာမျက်နှာ ၈ ကော်လံ ၁* ❖

CIMA VAX EGF ဟု ခေါ်သည့် အဆုတ်ကင်ဆာ ထိုးဆေးများ။

4-6 (20).pmd 1 6/4/2011, 1:45 AM